**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အနှစ်ရှိသောသူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၍၊ အနှစ်မရှိသောတရားကို အနှစ်မရှိဟုသိသည့် အယူမှန်ရှိကြသောသူတို့သည် သီလစသောဂုဏ်ကျေးဇူးအနှစ်ကိုရကြကုန်၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

အများအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၁၇)

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
၂၀၂၆ ခုနှစ်၊ မေ ၅ ရက်၊ အင်္ဂါနေ့


# ဒုတိယသမ္မတ ဦးညိုစော မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tariq Karim အား လက်ခံတွေ့ဆုံ

## မြန်မာ-ပါကစ္စတန် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးနှင့်ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာလာစေရေး ဆွေးနွေး

နေပြည်တော် မေ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောသည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tariq Karim အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ - ပါကစ္စတန် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးနှင့်ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာလာစေရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ၌ ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဦးညိုစောနှင့်အတူ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးခင်လတ်၊ ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ မြဝတီ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစော မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tariq Karim အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်နေသည့် PJ စာအုပ်ကိုင်ဆောင်ထားသော မြန်မာနိုင်ငံသားများ ခွင့်ဖြင့် မြန်မာနိုင်ငံသို့ပြန်လည်ဝင်ရောက်ရာတွင် ဆောင်ရွက်ရမည့်အချက်များ

၁။ ၂၀၂၆ ခုနှစ်၊ မေလ (၁) ရက်နေ့မှစတင်၍ မြန်မာနိုင်ငံသို့ ခွင့်ဖြင့်ပြန်လည်ဝင်ရောက်မည့် အလုပ်သမားများသည် အလုပ်ရှင်ထံမှ ခွင့်စာ (Letter of Permission for Leave) နှင့် သက်ဆိုင်ရာ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးတို့မှ မှန်ကန်ကြောင်း စိစစ်ထောက်ခံချက်ရယူပြီး သတ်မှတ်စာရွက်စာတမ်းများနှင့်အတူ သက်ဆိုင်ရာမှထုတ်ပေးသောထောက်ခံချက်ပူးတွဲ၍ ပြည်ပသို့ ပြန်လည်ထွက်ခွာခွင့် တင်ပြလျှောက်ထားရမည်ဖြစ်ပါသည်။ စာမျက်နှာ ၁၄ ကော်လံ ၃ ●

**ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ၊ နည်းပြအုပ်ချုပ်သူများ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတော်သို့ သွားရောက် လေ့လာကြည့်ရှု**

စာ - ၁၅ သို့

**အများပြည်သူသို့ အသိပေးကြေညာခြင်း**

စာ - ၆ သို့

**ပြည်သူများကို ဘေးအန္တရာယ်များမှ ကာကွယ်ပေးနေသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့**

ဆောင်းပါး စာ - ၁၃ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မေ ၅ ရက်)

# နိုင်ငံအတွက်အားကိုးရသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့

မြန်မာနိုင်ငံတွင် တပ်မတော်နှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့များကဲ့သို့ နိုင်ငံ့အတွက်ဘေးအန္တရာယ်ကျလာသည့်အခါတိုင်း ပါဝင်ကူညီဆောင်ရွက်ပေးသည်မှာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဖြစ်သည်။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကိုဂုဏ်ပြုသောအားဖြင့် နှစ်စဉ်မေလ ၅ ရက်နေ့ကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ဟု ဂုဏ်ပြုသတ်မှတ်ပေးထားရာ ယခုအခါ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏သက်တမ်းမှာ နှစ်(၈၀)ပြည့် အချိန်အခါသို့ရောက်ရှိခဲ့ပြီဖြစ်သည်။ မြန်မာ့သမိုင်းမှတ်တမ်းများအရ မြန်မာနိုင်ငံ၏မီးသတ်တပ်ဖွဲ့သမိုင်းသည် နှစ်ပေါင်း ၁၀၀၀ ခန့်ရှိခဲ့ကြောင်း ဂုဏ်ယူဖွယ်တွေ့ရှိရသည်။ ပထမမြန်မာနိုင်ငံကို တည်ထောင်ခဲ့သော အနော်ရထာမင်းတရားကြီးလက်ထက်တွင် မီးသတ်တပ်ဖွဲ့ဖွဲ့စည်းထားရှိသည်။ ကုန်းဘောင်ခေတ်အထိ ခေတ်အဆက်ဆက်တွင်လည်း နိုင်ငံတော်ကိုမီးဘေးမသင့်စေရန် မီးသတ်လုပ်ငန်းများကို စနစ်တကျဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သမိုင်းသည် နှစ်ပေါင်း ၁၀၀၀ နီးပါးရှိခဲ့ပြီဟု ဆိုလိုခြင်းဖြစ်သည်။

ကိုလိုနီခေတ်တွင် အင်္ဂလိပ်နယ်ချဲ့တို့သည် သူတို့၏အကျိုးစီးပွားကို ကာကွယ်ရန်အတွက် မြူနီစီပယ်မီးသတ်တပ်ဖွဲ့များဖွဲ့စည်းခဲ့ကြသည်။ ထို့ကြောင့်မျိုးချစ်လူငယ်များသည် မိမိတို့၏ရပ်ရွာဒေသကို မီးဘေးအန္တရာယ်မှကာကွယ်ရန်အတွက် အမျိုးသားရေးစိတ်ဓာတ်နှင့်အပျော်တမ်းမီးသတ်အဖွဲ့များကို ဖွဲ့စည်းပြီးကာကွယ်ခဲ့ကြသည်။ ၁၉၀၀ ပြည့်နှစ်နှောင်းပိုင်းကစပြီး စေတနာ့ဝန်ထမ်းအပျော်တမ်းမီးသတ်တပ်ဖွဲ့များကို တစ်နိုင်ငံလုံးတွင်မြို့နယ်များအလိုက်ဖွဲ့စည်းခဲ့ကြသည်။ ၁၉၄၆ ခုနှစ် မေလ ၅ ရက်တွင် ရန်ကုန်မြို့ကန်တော်ကလေးတွင်ရှိသည့် အမျိုးသမီးကျောင်း၌ မြန်မာတစ်ပြည်လုံးတွင်ရှိသည့် မီးသတ်အဖွဲ့အစည်းများ၏ပထမအကြိမ် စေတနာ့ဝန်ထမ်းမီးသတ်အစည်းအရုံးညီလာခံကိုကျင်းပနိုင်ခဲ့သည်။ အဆိုပါညီလာခံသို့ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။ ထိုသို့မြန်မာနိုင်ငံလုံးဆိုင်ရာမီးသတ်အစည်းအရုံးညီလာခံကျင်းပခဲ့သည့် မေလ ၅ ရက်နေ့ကို အစွဲပြုပြီး "မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့" အဖြစ် ယနေ့တိုင်သတ်မှတ်ကျင်းပခြင်းဖြစ်သည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့်ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး စသည့်ရည်မှန်းချက်တာဝန်(၄)ရပ်ချမှတ်ကာ ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင်နှစ်စဉ်မီးလောင်မှုများဖြစ်ပွားလျက်ရှိပေရာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏အခန်းကဏ္ဍသည် ပြည်သူများအတွက်အလွန်ပင်အရေးပါလှသည်။ ရည်မှန်းချက်တာဝန်များတွင်ဖော်ပြထားသည့်အတိုင်း သဘာဝဘေးအန္တရာယ်များကျရောက်လာလျှင်လည်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့နှင့်အတူပူးပေါင်းကာ ကူညီကယ်ဆယ်ရေးများကိုတက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအတွင်းပေါ်ပေါက်ခဲ့သော အလွန်အင်အားပြင်းထန်သည့် မန္တလေးငလျင်ကြီးကြောင့် လူသားတို့၏အသက်အိုးအိမ်စည်းစိမ်များနှင့်အဆောက်အအုံများပျက်စီးဆုံးရှုံးခဲ့သည်။ အဆိုပါငလျင်ဖြစ်ပွားပြီးနောက် ပြည်တွင်းပြည်ပမှ ကူညီကယ်ဆယ်ရေးအဖွဲ့များစဉ်ဆက်မပြတ်ရောက်ရှိလာကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို နေ့မအားညမအားလုပ်ဆောင်ခဲ့ကြသည်။ ထိုသို့ကူညီကယ်ဆယ်ရေးဆောင်ရွက်သည့်အဖွဲ့များတွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များသည်လည်းပါဝင်ခဲ့ကြသည်။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များသည် မိမိတို့တာဝန်ကျနေရာဒေသများရှိအဆောက်အအုံများတွင် ပိတ်မိနေသူများအားကယ်ဆယ်ခြင်း၊ အဆောက်အအုံအတွင်းကျန်ရှိနေသောပစ္စည်းများအား ရှာဖွေခြင်းများကိုဆောင်ရွက်ခဲ့ကြသည်။ အဖိုးတန်လက်ဝတ်ရတနာများ၊ အရေးကြီးစာရွက်စာတမ်းများနှင့်အခြားပစ္စည်းများကို ပိုင်ရှင်များထံသို့ လက်ဝယ်အရောက်ရှာဖွေပေးနိုင်ခဲ့ကြသည့်အတွက် ပြည်သူတို့၏ဝမ်းသာကြည်နူးမှုများကိုမြင်တွေ့ခဲ့ရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အားခေတ်နှင့်အညီ ခေတ်မီစက်ကိရိယာများဖြည့်ဆည်းပေးထားသည့်အပြင် စွမ်းရည်ရှိသောမီးသတ်တပ်ဖွဲ့ဖြစ်အောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးထားသည်။ အထူးသဖြင့် နိုင်ငံတကာမီးသတ်တပ်ဖွဲ့များနှင့်ရင်ပေါင်တန်းဆောင်ရွက်နိုင်ရန်၊ အနာဂတ်ကာလကို မျှော်မှန်းပြီး အသွင်သဏ္ဌာန်သာမကအနှစ်သာရပိုင်းပါပြုပြင်ပြောင်းလဲနိုင်ရန်အတွက် Men Power, Equipment, Technological Power များနှင့် ဟန်ချက်ညီအောင်တည်ဆောက်ထားသည်။ တပ်ဖွဲ့တစ်ခု ရေရှည်ခိုင်မာစွာတည်ရှိရေးတွင် စည်းကမ်းကောင်းမွန်မှု၊ အမိန့်နာခံတတ်မှုတို့သည် အဓိကဖြစ်သည်။ စည်းကမ်းကောင်းမွန်ပြီးအမိန့်နာခံတတ်မှုရှိမှလည်း ပူးပေါင်းဆောင်ရွက်မှုအောင်မြင်မည်ဖြစ်သည်။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အောင်မြင်မှုများသည် တစ်ဦးချင်းစိတ်ဓာတ်ကောင်းခြင်း၊ စည်းကမ်းရှိခြင်း၊ ပူးပေါင်းဆောင်ရွက်မှုကောင်းခြင်းတို့ကြောင့်ဖြစ်သည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ပင်မတာဝန်မှာ မီးဘေးအန္တရာယ်ကြုံတွေ့လာလျှင် လျင်လျင်မြန်မြန် ထိထိရောက်ရောက်မီးငြိမ်းသတ်နိုင်ရေးဖြစ်သည်။ **လူအသင့်၊ ယာဉ်အသင့်၊ ရေအသင့်၊ ဆီအသင့်ဟူ၍ သင့်လေးသင့်ဖြင့် နေ့စဉ်အဆင်သင့်ရှိနေသည်။ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ်ဆိုသည့်ဆောင်ပုဒ်ကိုလက်ကိုင်ထားရှိသည်။** မီးသတ်တပ်ဖွဲ့ဝင်များမှာ ခေတ်မီမီးငြိမ်းသတ်နည်းများ၊ အထပ်မြင့်အဆောက်အအုံတိုက်ခန်းများတွင် မီးငြိမ်းသတ်နည်းများနှင့် ယင်းတိုက်ခန်းများတွင်နေထိုင်သူများအားကယ်တင်ခြင်းတို့ကို ကျွမ်းကျင်ပိုင်နိုင်စွာလေ့ကျင့်ထားပြီးဖြစ်ပေရာ နိုင်ငံနှင့်ပြည်သူအတွက် အားကိုးရသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကို ဂုဏ်ပြုပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# နှစ်(၈၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေး

တောင်တွင်းကြီး မေ ၄

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်မီးသတ်ဦးစီးဌာနက နှစ် (၈၀) ပြည့်မီးသတ်တပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆတ်သွားကျေးရွာ၊ ညောင်ပင်သာကျေးရွာနှင့် ကုက္ကိုခွကျေးရွာတို့၌ မေလ ၃ ရက် နံနက်ပိုင်းတွင် မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူးဦးစောမောင် ဦးဆောင်သော မြို့နယ်မီးသတ်တပ်ဖွဲ့များက ဆတ်သွားကျေးရွာ၊ ညောင်ပင်သာကျေးရွာနှင့် ကုက္ကိုခွကျေးရွာတို့ရှိ နယ်မြေမီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ နေအိမ်များအတွင်း သွယ်တန်းထားသည့် ဝိုင်ယာကြိုးဟောင်းနွမ်းပေါက်ပြဲမှု ရှိ၊ မရှိ၊ ချက်ပြုတ်သည့်နေရာများတွင် အသုံးပြုသည့် မီးဖိုများအား ချက်ပြုတ်ပြီးပါက ငြိမ်းသတ်မှု ရှိ၊ မရှိ၊ လျှပ်စစ်ပစ္စည်းများအား သုံးစွဲပြီးပါက ခလုတ်များနှင့် မီးပလတ်များဖြုတ်ခြင်း ရှိ၊ မရှိ၊ မီးငြိမ်းသတ်ရေးအတွက် မီးသတ်ဆေးဘူးများ၊ မီးချိတ်မီးကပ်များ ပြင်ဆင်ထားရှိမှု ရှိ၊ မရှိတို့ကို တာဝန်ရှိသူများက စစ်ဆေးကြသည်။

ထို့နောက် မီးလောင်ပါက မီးသတ်ဦးစီးဌာနသို့ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ၊ မီးလောင်မှုအမျိုးအစားအလိုက် မီးလောင်မှုမကြီးမားခင် ပြည်သူများကိုယ်တိုင် ငြိမ်းသတ်နိုင်သည့် နည်းစနစ်များနှင့် မီးဘေးအန္တရာယ်ကြုံတွေ့ချိန်တွင် အသက်အန္တရာယ်မထိခိုက်စေရေးအတွက် ဆောင်ရွက်ရမည့် အချက်အလက်များကိုလည်း အသိပညာပေးပြောကြားကြောင်းသိရသည်။

နောင်နောင် (ဗိသနိုးမြေ)

# ကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံစေရေး ချွတ်ယွင်းပျက်စီးနေသည့် စက်ရေတွင်းအား ပြန်လည်ပြုပြင်ပေး

ညောင်ဦး မေ ၄

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် စုတည်ကျေးရွာ၌ စက်ရေတွင်း ချွတ်ယွင်းပျက်စီးသွားသဖြင့် ကျေးရွာနေပြည်သူများ သောက်သုံးရေအဆင်ပြေစေရေးအတွက် မေလ ၃ ရက်တွင် ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာပရဟိတ ရေလှူအဖွဲ့က စက်ရေတွင်းအား သွားရောက်ပြုပြင်ဆောင်ရွက်ပေးကြောင်း သိရသည်။

အဆိုပါ ကျေးရွာနေပြည်သူများ သောက်သုံးရေအတွက် မှီခိုအားထားရသည့် စက်ရေတွင်းမှာ နှစ်ကာလကြာမြင့်မှုကြောင့် ချွတ်ယွင်းပျက်စီးသွားသဖြင့် ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာပရဟိတရေလှူအဖွဲ့က စေတနာရှင်၊ အလှူရှင်များ၏ လှူဒါန်းငွေကျပ် ၁၃ သိန်းဖြင့် ချွတ်ယွင်းပျက်စီးနေသော စက်ရေတွင်းရှိ မော်တာပန့်နှင့်ဆက်စပ်ပစ္စည်းများကို အသစ်လဲလှယ်တပ်ဆင်၍ ပြုပြင်ဆောင်ရွက်ခဲ့ရာ ယခုအခါစက်ရေတွင်းမှာ ပြန်လည်ကောင်းမွန်သွားပြီဖြစ်သည်။

ညောင်ဦးမြို့နယ်စုတည်ကျေးရွာရှိစက်ရေတွင်းမှာ ပြန်လည်ကောင်းမွန်သွားပြီဖြစ်၍ ကျေးရွာနေပြည်သူများနှင့် ကျေးရွာရှိ ကျွဲ ၊ နွားတိရစ္ဆာန်များအတွက် သောက်သုံးရေဖူလုံစွာသုံးစွဲခွင့်ရရှိပြီဖြစ်ကြောင်းသိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

## MWD Education, Knowledge & Sports Channel

၅-၅-၂၀၂၆(အင်္ဂါနေ့)

၁။ ၀၇:၀၀ - ၀၈:၃၀ Grade-4/Grade-5/Grade-6 သင်္ချာ

၂။ ၁၅:၃၀ - ၁၆:၂၀ Grade-6/Grade-7/Grade-8/Grade-9 သင်္ချာ

၃။ ၁၆:၂၀ - ၁၈:၀၀ Grade-10 အင်္ဂလိပ်စာ၊ သင်္ချာ၊ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ

၄။ ၁၈:၀၀ - ၂၁:၀၀ Grade-11 အင်္ဂလိပ်စာ၊ သင်္ချာ၊ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ထန်းတပင်မြို့နယ် လမုတန်းကြီးကျေးရွာ၌ (၃၈)ဖြာမင်္ဂလာနှင့် အခြေခံယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်

ရန်ကုန် မေ ၄


ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီနှင့် ထန်းတပင်မြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) တို့ပူးပေါင်း၍ (၃၈)ဖြာမင်္ဂလာနှင့် အခြေခံယဉ်ကျေးလိမ္မာသင်တန်းကို မေလ ၄ ရက်တွင် လမုတန်းကြီးကျေးရွာအုပ်စု လမုတန်းကြီးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ပြီး လမုတန်းကြီးကျေးရွာ သာသနဇောတိကရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသာသနသီရိက တက်ရောက်လာကြသည့် ဧည့်ပရိသတ်များနှင့် ကျောင်းသား၊ ကျောင်းသူများကို ဩဝါဒစကားမြွက်ကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးနှင့် ထန်းတပင်မြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)ဥက္ကဋ္ဌ ဦးသန်းဝင်းတို့က အဖွင့်အမှာစကားများပြောကြားကြပြီး အတွင်းရေးမှူး ဦးရန်လင်းအောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

နွေရာသီယဉ်ကျေးလိမ္မာသင်တန်းများဖြစ်သည့် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ KG အဆင့်သင်တန်းနှင့် (၃၈) ဖြာမင်္ဂလာနှင့်ဗုဒ္ဓဝင်၊ ပြည်သူ့နီတိ အခြေခံပထမအဆင့်သင်တန်းသို့ ကျောင်းသား၊ ကျောင်းသူ ၁၃၀ ဦးခန့် တက်ရောက်ကြပြီး သင်တန်းကို မေလ ၄ ရက်မှ ၁၀ ရက်အထိ နေ့စဉ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ သင်တန်းတက်ရောက်လျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား အာဟာရကျွေးမွေးနိုင်ရေး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီနှင့်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးတို့က မြို့နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)ဥက္ကဋ္ဌ ဦးသန်းဝင်းထံ အလှူငွေများ ပေးအပ်လှူဒါန်းကြပြီး မြို့နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)မှတာဝန်ရှိသူများက စာရေးကိရိယာများကို ကျေးရွာတာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။



**ဇင်မင်းထိုက်(ထန်းတပင်)**

# ဧပြီလအတွင်း နေလှန်းဆားပိဿာအများအပြား တင်ပို့ရောင်းချနိုင်ခဲ့



လပွတ္တာ မေ ၄

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ဒေသထွက် နေလှန်းဆားပိဿာအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်မှ နေလှန်းဆားထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်း လုပ်ကိုင်သူ ဒေါ်အေးအေးမြတ်၏ ပြောဆိုချက်အရ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လအတွင်းက ဒေသထွက်နေလှန်းဆားပိဿာ ၅၀၀၀၀ ခန့်သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဧပြီလ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာကာလအတွင်း နေလှန်းဆားပိဿာ ၆၅၀၀၀ ခန့်အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

"ဒေသထွက် နေလှန်းဆားတွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ အခုလို အရောင်းအဝယ်ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ဆက်စပ်တဲ့တွေသူ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အဆင်ပြေလာပါတယ်"ဟု ဒေါ်အိအိစံကပြောသည်။

အဆိုပါ ဒေသထွက်နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည်စသည့် လုပ်ငန်းများတွင် အဓိကအသုံးပြုကြကြောင်း သိရသည်။ **သုတကျော်**

ကမ္ဘာ့ကြက်ခြေနီနေ့
World Red Cross Day
ညီညွတ်မှုအားနဲ့တို့ကူညီ လူသားချင်းစာနာတဲ့ကြက်ခြေနီ
United in Humanity
၂၀၂၆ ခုနှစ်၊ မေလ(၈)ရက်

# ဂျပန်နိုင်ငံမှပေးအပ်မည့် MEXT Scholarship 2027 ကို မေလ ၁၄ ရက်မှ စတင်လျှောက်ထားနိုင်

ရန်ကုန် မေ ၄

ဂျပန်နိုင်ငံမှ ပေးအပ်မည့် MEXT Scholarship 2027 ကို မေလ ၁၄ ရက်မှ စတင်လျှောက်ထားနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဂျပန်ပြန်ပညာသင်ဟောင်းအသင်းမှ တာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

" MEXT Scholarship 2027 အတွက် လျှောက်လွှာလက်ခံခြင်းကို ဧပြီလ ၂၂ ရက်မှ စတင်စာရင်းပေးသွင်းနိုင်ပြီး မေလ ၁၄ ရက်မှာ လျှောက်လွှာတွေကို စတင်လက်ခံမှာဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

MEXT Scholarship 2027 အတွက် Undergraduate Students Program ၊ College of Technology Students Program နှင့် Specialized Training College Students Program ဟူ၍ ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

Undergraduate Students Program နှင့် ပတ်သက်၍ လျှောက်ထားလိုသူများသည် တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်ပေါင်း ၄၅၀ နှင့်အထက်ဖြစ်စေ၊ EJU, Cambridges International (A) Level, iGCSE, GCE (A) Level စသည့် နိုင်ငံတကာအသိအမှတ်ပြုစာမေးပွဲများတွင် အမှတ်ပေါင်း ၆၀ ရာခိုင်နှုန်းအထက်ရရှိထားသူများ လျှောက်ထားနိုင်ကြောင်း သိရသည်။

ဆက်လက်၍ College of Technology Training Student Program နှင့် Specialized Training College Students Program များကို လျှောက်ထားမည့်သူများအနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်ပေါင်း ၄၂၀ နှင့်အထက်ဖြစ်စေ ၊ EJU, Cambridges International (A) Level, iGCSE, GCE (A) Level စသည့် နိုင်ငံတကာအသိအမှတ်ပြုစာမေးပွဲများတွင် အမှတ်ပေါင်း ၅၀ ရာခိုင်နှုန်းအထက်ရရှိထားသူများ လျှောက်ထားနိုင်မည်ဖြစ်သည်။

Program များအလိုက် လျှောက်လွှာပုံစံများ၊ အရည်အချင်းသတ်မှတ်ချက်များနှင့် လိုအပ်ချက်များအပါအဝင် အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံဂျပန်ပြန်ပညာသင်ဟောင်းအသင်းမှ ဖော်ပြထားသည့် Link များမှတစ်ဆင့် Download ရယူပြီး ကြည့်ရှုလေ့လာလျှောက်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ နိုင်ငံတကာအသိအမှတ်ပြု စာမေးပွဲများနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံဂျပန်ပြန်ပညာသင်ဟောင်းအသင်းသို့ စုံစမ်းနိုင်ကြောင်း သိရသည်။ **ဖြူဖြူ**



# ကမ္မဖလ

**တင့်တယ်**

**ယမန်နေ့မှအဆက်**

မိုးယိုလွတ်ရာသို့ မိခင်သည် ကျွန်ုပ်ကို ရင်ခွင်၌ပိုက်ရင်းက ဖင်ရွှေ့ ဖင်ရွှေ့ ရွှေ့ကာ ဖယ်နေသည့်ခဏ၌ ကျွန်ုပ်တို့၏အိမ်ပေါက်သို့ လူတက်လာသောခြေသံကိုကြားရ၏။ တက်လာသူမှာ ကျွန်ုပ်၏အိမ်ခေါင်းရင်းဘက်ရှိ အိမ်၌နေထိုင်လျက်ရှိကြသော အထည်သည် ဇနီးမောင်နှံအိမ်မှ ကူဖော်လောင်ဖက် အဒေါ်ကြီးတစ်ယောက်ဖြစ်ပေသည်။

စကားစပ်မိ၍ ကျွန်ုပ်၏မိခင်မည်မျှ စိတ်ဓာတ်ကြီးရင့်ပုံကို ဖော်ပြရပေဦးမည်။ ကျွန်ုပ်၏မိခင်သည် စိန်ပုံ၊ ရွှေပုံပေါ်တွင် စံစား၍ ဂုဏ်အင်ကြီးမားစွာ နေထိုင်ရာက အချစ်အတွက် မျက်စိကွယ်သကဲ့သို့ဖြစ်ကာ ဖခင်၏နောက်သို့ ကောက်ကောက်ပါအောင် ခိုးရာလိုက်ခဲ့သည်တွင် ဝတ်နေကျ အိမ်တွင်းဝတ် လက်ဝတ်လက်စားကလေးများကိုပင် ထားပစ်ခဲ့၏။ ပစ္စည်းများပါ၍လာပါက ကျွန်ုပ်၏ဖခင်အား တစ်နည်းတစ်ဖုံ ကျွန်ုပ်၏အဘိုးက ဥပဒေဘက်ကလိုက်၍ ရန်ရှာမည်စိုးသောကြောင့်ဖြစ်၏။ တစ်ဖန် ကျွန်ုပ်၏မိခင်သည် လက်ဝတ်လက်စားများမှာ မိဘပစ္စည်းများသာဖြစ်လျက် မိမိအပိုင်ပစ္စည်းများမဟုတ်သောကြောင့် ခိုးရာလိုက်ခဲ့သည်၌ ယူလာခဲ့ရန် မသင့်ဟုလည်း ယူဆ၏။ ထို့ကြောင့် ခိုးရာလိုက်ခဲ့စဉ်က ကျွန်ုပ်၏ မိခင်တွင် မုန့်ဖိုးပေးသမျှကို စုဆောင်းထားသော ငွေကလေးအနည်းငယ်မျှနှင့် ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသော အဝတ်လောက်သာပါခဲ့သူဖြစ်ပေသည်။

သို့ဖြစ်လေရာ သဘင်သမား လူပေ့ါနှင့် ပေါင်းမိ၍ ဆင်းရဲမွဲတေ ဖွတ်ဘိုးအေဟု ခေါ်ရလုခမန်း ဘဝလမ်းခရီးကြမ်းကြမ်းကို လျှောက်ခဲ့ရသည်၌ ဆိုခဲ့သည့်အတိုင်း ငတ်တစ်လှည့်ပြတ်တစ်လှည့် အခြေသို့ ပင်ရောက်ခဲ့၏။ သို့သော် ကျွန်ုပ်၏မိခင်မှာ အလွန်ကြွယ်ဝသောမျိုးရိုး၊ အလွန်စိတ်ထားခိုင်မာသောမျိုးရိုး၊ အလွန်ဇွဲကြီးသောမျိုးရိုးမှ ဆင်းသက်လာခဲ့သူပီပီ မည်မျှပင်အထိ ဒုက္ခရောက်၍နေရစေကာမူ သူတစ်ပါးထံမှ ပိုက်ဆံချေးငှားခြင်း၊ လက်ဝါးဖြန့်၍တောင်းခံခြင်း စသောအလုပ်မျိုးကိုမလုပ်ခဲ့ပေ။ စားစရာမရှိလျှင် ဖွတ်ငုတ်တုတ်ထိုင်၍ အငတ်ခံရှာပေသည်။ သားဦးရင်နှစ်သည်းချာ ကျွန်ုပ်အားကလေးအရွယ် လူမမည်ပင်ဖြစ်စေကာမူ ထမင်းချက်စရာဆန်မရှိသော ဤနေ့၌ မုန့်ပျားသလက်နှစ်ချပ်နှင့် ဝမ်းမီးကိုငြိမ်းစေသည်ကိုထောက်ပါက ကျွန်ုပ်၏မိခင် မည်မျှစိတ်ဓာတ် မြဲမြံလှသည်ကို သိနိုင်ပေလိမ့်မည်။

ထမင်းငတ်၍ သေသောမသာမရှိဟူ၍ စကားပုံထွန်းကာ မော်ကွန်းထိုးလောက်သော ဤနိုင်ငံ၌ ကျွန်ုပ်၏မိခင်သည် ကျွန်ုပ်မသိဘဲ ကြိတ်၍ အငတ်ခံခဲ့သည့် အကြိမ်ပေါင်းမည်မျှရှိမည်ကိုကား မပြောတတ်တော့ပေ။ သို့သော် မိခင်၏စိတ်ဓာတ်မှာ အံ့အာသရဲ ကြံ့တောင့်ခဲလှသော စိတ်ဓာတ်ဖြစ်သည်ကိုမူကား ဝန်ခံရချေမည်။ ဤသို့ ဆင်းရဲခြင်းတည်းဟူသော ညွန့်ထဲ၌ တိုး၍တိုး၍သာ နစ်နေရှာသော မိခင်၏အဖြစ်ဆိုးကို အိမ်နီးနားချင်းတို့သည် အလွန်တရာကြင်နာကြပေသည်။ အထူးသဖြင့် ခေါင်းရင်းအိမ်၌နေကြသော အထည်ကုန်သည် ဇနီးမောင်နှံတို့သည် ကျွန်ုပ်တို့သားအမိအား များစွာပင် စောင့်ရှောက်ကူညီခဲ့ကြ၏။ ထိုအထည်သည် ဇနီးမောင်နှံတို့သည် အမြဲသဖြင့် ကျွန်ုပ်တို့၏ မီးဖိုကလေးမှ မီးခိုးလူ၊ မလူကို အမြဲအကဲခတ်ကြသည်။ မီးခိုးလှူချိန်တန်ပါလျက်နှင့် မီးခိုးတက်သည်ကို မမြင်ပါက ဆီ၊ ဆန်၊ ငါးပိ စသည်တို့ကိုလာ၍ ပို့တတ်ကြပေသည်။ ဤအခါမျိုး၌ ကျွန်ုပ်၏မိခင်သည် သူတစ်ပါး၏ အစောင်အမကို ခံယူရသည်ကို ထမင်းအငတ်ခံ၍နေရသည် ထက်ပင်ပို၍ စိတ်မချမ်းမသာ ရင်ထုမနာကြီးဖြစ်ရှာကာ ယူလာသမျှ အစောင်အမတို့ကို ဇွတ်အတင်းငြင်းဆန်တတ်ရှာ၏။ အထည်သည် ဇနီးမောင်နှံတို့ကား ပစ္စည်းများကို မီးဖိုတွင်း၌ အတင်းထားပစ်ခဲ့ကြရသည်ချည်းဖြစ်၏။ ထိုပစ္စည်းများကိုပင် သားသမီးသဖွယ် ခင်တွယ်ကျွေးမွေးကြသူတို့ဖြစ်ပေသည်။

ဤအခါ၌ ကျွန်ုပ်၏ဖခင်မှာကား ဇာတ်ကရာတွင် ယိမ်းသမနှင့် စခန်းသွားလျက် မိုးတွင်းအချိန် ဇာတ်ခေါင်းကွဲချိန်၌သာ ရံဖန်ရံခါပေါ်လာတတ်၏။ အိမ်၌ ခုနစ်ရက်ပြည့်အောင်နေသည်မရှိ။ ထို့ကြောင့် ကျွန်ုပ်မှာ ဖခင်ဖြစ်သူအား ဖခင်ဟုသဘောမထားမိ။ တစ်ခါတစ်ရံ၌လာ၍ လည်ပတ်တတ်သော ဧည့်သည်သူစိမ်းတစ်ရံဆံမျှ သာထင်မိပေသည်။ ကျွန်ုပ်၏ ဖခင်က

> **"ထမင်းငတ်၍ သေသောမသာမရှိဟူ၍ စကားပုံထွန်းကာ မော်ကွန်းထိုးလောက်သော ဤနိုင်ငံ၌ ကျွန်ုပ်၏မိခင်သည် ကျွန်ုပ်မသိဘဲ ကြိတ်၍အငတ်ခံခဲ့သည့် အကြိမ်ပေါင်းမည်မျှရှိမည်ကိုကား မပြောတတ်တော့ပေ။ သို့သော် မိခင်၏စိတ်ဓာတ်မှာ အံ့အာသရဲ ကြံ့တောင့်ခဲလှသော စိတ်ဓာတ်ဖြစ်သည်ကိုမူကား ဝန်ခံရချေမည်။ ဤသို့ ဆင်းရဲခြင်းတည်းဟူသော ညွန့်ထဲ၌ တိုး၍တိုး၍သာ နစ်နေရှာသော မိခင်၏အဖြစ်ဆိုးကို အိမ်နီးနားချင်းတို့သည် အလွန်တရာကြင်နာကြပေသည် ..."**

ကိုကား ကလေးမငတ်စေရန် ကိုင်တွယ်ချက်ပြုတ်ရသောအခါ၌ မျိုးကြီးရိုးကြီးမှ ဆင်းသက်လာသူပီပီ မိခင်သည် လက်များပင် တုန်တုန်ယင်ယင်ဖြစ်လျက် ဒူးနှစ်လုံးကြား၌ မျက်ရည်ကျကာ ဒူးပေါ်တွင် မျက်ရည်သုတ်ရသည်ချည်းဖြစ်ခဲ့၏။

ထို့ကြောင့် အထည်သည်ဇနီးမောင်နှံတို့မှာ တစ်ခါတစ်ခါတွင် အလှူက လာပို့သည်ဟုဆို၍ချက်ပြုတ်ပြီး ထမင်းဟင်းများကို အသင့်လာပို့ကြရ၏။ မိခင် မုန့်ပျားသလက်ရောင်း၍မကုန်သည်ကို စျေးကွဲ၍ အထည်ဆိုင်မှအပြန်၌တွေ့တိုင်း အားလုံးသိမ်း၍ဝယ်ကာ နောက်တစ်နေ့ နံနက်ကျမှ ကျီးစာငှက်စာကျွေးပစ်ကြ၏။ ထိုဇနီးမောင်နှံ၌ သားသမီးမထွန်းကားသေးမိအချိန်ဖြစ်သဖြင့် နံနက်တိုင်း အထည်ဆိုင်မသွားမီ ကျီးကန်း၊ ဆက်ရက်၊ စာကလေးလည်း ကျွန်ုပ်အား ဂရုမစိုက်လှပေ။ မိခင်မှအပ ဂရုမစိုက် ယုယချစ်ခင်သူတို့မှာ ခေါင်းရင်းအိမ်က အထည်သည်ဇနီးမောင်နှံတို့သာဖြစ်လေသည်။

သို့ဖြစ်သောကြောင့် အထည်သည် ဇနီးမောင်နှံအိမ်မှ ကူဖော်လောင်ဖက် အဒေါ်ကြီးအိမ်ပေါက်သို့ ရောက်လာသောအခါတွင် ကျွန်ုပ်သည် မိခင်၏ရင်ခွင်ကြားမှ ခေါင်းထောင်၍ကြည့်မိ၏။ သူတို့အိမ်က တစ်ယောက်ယောက် ပေါက်၍လာတိုင်း ကျွန်ုပ်တို့ဆီမှာ ဆီကလေးရွှဲရွှဲစားရသော အဖြစ်ကို ကလေးတို့၏ အမှတ်သညာဖြင့် ကျွန်ုပ်မှတ်မိနေပေသည်။

ကူဖော်လောင်ဖက် အဒေါ်ကြီးသည် မီးဖိုဆီသို့ တစ်ချက်အကဲခတ်လိုက်၏။ သံပန်းကန်ပြားထဲ၌ မုန့်ပျားသလက်တစ်ချပ်ကို ဆားဖြူးထားသဖြင့် မိုးငွေ့နှင့် အရည်ပြန်ကာ စိုစိစိဖြစ်နေသည်ကို မြင်သောအခါ ရုတ်တရက် ကွက်ခနဲ မျက်နှာပျက်ရှာလေသည်။ သို့မျက်နှာပျက်သွားသည်ကို ကျွန်ုပ်၏မိခင် ရိပ်ခနဲ မြင်လိုက်သောအခါ မိခင်၏ဖြူရော်ရော် မျက်နှာမှာ ဖျန်းခနဲသွေးတက်လာ၍ နီမြန်းသွားရှာ၏။ ထိုအခိုက်တွင် အဒေါ်ကြီးက–

"ဘယ့်နှယ်လဲ မောင်ကံကောင်း ငိုလှချည့်ကလား ... လာပါဦး ... ဒေါ်ဒေါ်ကြီးဆီကို" ဟုဆိုကာ ကျွန်ုပ်အား လက်ကမ်း၏။ ကျွန်ုပ်၏မိခင်လည်း သူ့လက်ကိုဖြေ၍ ပေးရာက "ဆိုးလွန်းလို့ရှင့် ... ဆိုးလွန်းလို့" ဟု စကားပြေပြောရှာ၏။ ထိုအခါ ဘာမျှနားမလည်သောအရွယ်ပီပီ ကျွန်ုပ်က "မေမေက ထမင်းမပေးဘူးတဲ့" ဟု ခပ်မဲ့မဲ့ဖြင့် အဒေါ်ကြီးကို တိုင်တောသလို ပြောလိုက်ရာ အဒေါ်ကြီးလည်း မိခင်အနေမခက်စေရန် တဟားဟား တမင်ရယ်ရာက "မေမေက မပေးရင် ဒေါ်ဒေါ်ကြီးက ပေးမှာပေ့ါကွယ် တိတ်ပါ၊ အမယ်လေး ငါ့တူကြီး အလှပျက်နေပါဦးမယ် ခေါင်းမှာလည်း မိုးရေတွေစိုလို့ပါလား"ဟု ကျွန်တော့်ကို ချော့ချော့မော့မော့ပြောပါသည်။ ထို့နောက် ကျွန်ုပ်၏မိခင်အား နားနားသို့ကပ်၍ တစ်စုံတစ်ခုကိုပြောလိုက်ရာ ကျွန်ုပ်၏မိခင်လည်း အံ့အားသင့်ဟန်နှင့် "ဟင်ဟုတ်လား ... ကျွန်မဖြင့် တစ်လလောက်လိုလိမ့်ဦးမယ်ထင်တာ၊ နေပါဦး၊ ကျွန်မ အဝတ်လဲလိုက်ဦးမယ် ..."ဟုဆို၍ အတွင်းခန်းသို့ ကပျာကသီ ဝင်သွားလေသည်။ ဤကား မိခင်ဓလေ့ဖြစ်၏။ အိမ်ထဲ၌ အဖာတစ်ရာအဝတ်များကိုဝတ်နေသော်လည်း ခြေရင်းခေါင်းရင်းအိမ်ကို ကူးမည်ဆိုလျှင် သန့်ပြန့်၍ အရောင်လွင်သေးသော အဝတ်ကလေးများကို လဲလှယ်တတ်သည်။ ယင်းသည်လည်း ငယ်စဉ်ခေတ်ကောင်း ရွှေထီးဆောင်းစဉ်ကပါလာသော ဓလေ့ပင်ဖြစ်ပေသည်။

**ဆက်လက်ဖော်ပြပါမည်။**

## အိမ်ထောင်စုလူဦးရေစာရင်း နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေး

ရန်ကုန် မေ ၄

ရက် ၁၀၀ စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် Biometric ကောက်ယူကာ နိုင်ငံသားကိုယ်ရေးအချက်အလက် (UID)ထုတ်ပေးခြင်းလုပ်ငန်းများကို မေလ ၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် စန္ဒယော်ကျေးရွာ၌ တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ထန်းတပင်မြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ရက် ၁၀၀ စီမံချက်ဖြင့် စန္ဒယော်ကျေးရွာနေပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းထုတ်ပေးခြင်းလုပ်ငန်းများ၊ ကျေးရွာအတွင်း အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိနေသည့် အသက် ၁၈ နှစ်ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းလုပ်ငန်းများနှင့် Biometric ကောက်ယူ၍ နိုင်ငံသားကိုယ်ရေးအချက်အလက် (UID)ထုတ်ပေးခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးကြသည်။

ထန်းတပင်မြို့နယ်အတွင်း ရက် ၁၀၀ စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် Biometric ကောက်ယူ၍ UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာများအလိုက် ဧပြီလ ၂၀ ရက်မှစတင်၍ နေ့စဉ်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

## စိန်ဖူးတော်၊ ငှက်မြတ်နားတော်အထွတ်တင် မဟာမင်္ဂလာအခမ်းအနားနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပ



တောင်ငူ မေ ၄

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တောင်ငူမြို့ နန်းတော်ဦး လောကမာရဇိန်စေတီတော်မြတ်ကြီးအား စိန်ဖူးတော်၊ ငှက်မြတ်နားတော်အထွတ်တင် မဟာမင်္ဂလာအခမ်းအနားနှင့်ဗုဒ္ဓါဘိသေကအနေကဇာတင်မဟာမင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ကြည်ညိုခဲ့သည်။

ရှေးဦးစွာ အခမ်းအနားကို "နမော တဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပေးခဲ့ပြီး ကြာနီကန်စာသင်တိုက် ပဓာနနာယက ဆရာတော်ကြီးထံမှ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ခဲ့ကြသည်။

ထို့နောက်ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ရတနာစိန်ဖူးတော်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ရတနာငှက်မြတ်နားတော်နှင့် အလှူရှင်များက စေတီတော်အတွင်း ထည့်သွင်းပူဇော်မည့်ဌာပနာများအား သက်ဆိုင်ရာဆရာတော်ကြီးများထံ အသီးသီးကပ်လှူပူဇော်ခဲ့ကြပြီးကြွရောက်လာသည့်ဆရာတော်ကြီးများက ဗုဒ္ဓါဘိသေကအနေကဇာတင်ခဲ့ကြကာ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းအမှူးပြုသော ဧည့်ပရိသတ်များက ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

၄၁၀

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Dinesh Kumar Tripathi ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Dinesh Kumar Tripathi အား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် မေ ၄

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Dinesh Kumar Tripathi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယရေတပ်ဦးစီးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယကြည်းတပ်စစ်သံမှူး Colonel Jaswinder Singh Gill၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယရေတပ်စစ်သံမှူး Captain Manoj Kumar Pandey နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ်နှစ်နိုင်ငံနှင့်နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာဆက်ဆံရေးနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံခေါင်းဆောင်များ နှင့် တပ်မတော်ခေါင်းဆောင်များ အပြန်အလှန်လည်ပတ်ခြင်းဖြင့် ခိုင်မာချစ်ကြည် ရင်းနှီးသောဆက်ဆံရေးကို တည်ဆောက်နိုင်ခဲ့မှုအခြေအနေများ၊ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား အဆင့်လိုက် ချစ်ကြည်ရေး ခရီးစဉ်များ အပြန်အလှန်စေလွှတ်ရေး ဆိုင်ရာကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ် အကြား ယဉ်ကျေးမှုအဖွဲ့များနှင့်အားကစား အဖွဲ့များ အပြန်အလှန်အလည်အပတ် စေလွှတ်မည့်အခြေအနေများ၊ ပင်လယ် ရေကြောင်း ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များ၊ သင်တန်းသားများစေလွှတ်ရေး ဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံရေတပ်များ အကြား စွမ်းဆောင်မှုဆိုင်ရာမြှင့်တင်ရေး စစ်ရေးလေ့ကျင့်ခန်းများတွင် ပူးပေါင်း ဆောင်ရွက်သွားမည့် အခြေအနေများ၊ နယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ် အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ တိုးမြှင့် ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသအတွင်း အကြမ်းဖက် သောင်းကျန်းသူများမရှိစေရေး လုံခြုံရေးအရ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေ အနေများနှင့် မြန်မာနိုင်ငံတွင် တရားမျှတ၍ သိက္ခာရှိသောရွေးကောက်ပွဲ ပြီးမြောက်ကာ ပြည်သူကိုကိုယ်စားပြုသည့် အစိုးရအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်နှင့်အညီ ဆက်လက် လျှောက်လှမ်းကာ ဒေသတွင်းအကျိုး စီးပွားကို ဟန်ချက်ညီဆက်လက်ဖော် ဆောင်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



# မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးအား ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၄

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်ရေးနှင့် ကဏ္ဍစုံတွင် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များ အတွက်ပိုမိုအားကောင်းခိုင်မာလာစေရန်တို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုအခြေခံသင်တန်းအမှတ်စဉ် (၁၂) သင်တန်းဆင်းပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်

နေပြည်တော် မေ ၄

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်သူ့ရေးရာစီမံခန့်ခွဲမှုအခြေခံသင်တန်း အမှတ်စဉ် (၁၂) သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင်နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်းစီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်များ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုဝန်ကြီးက ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း၏ "ခိုင်မာသည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ကို ဖော်ဆောင်ရန်အတွက် စွမ်းရည်ပြည့်ဝသည့် နိုင်ငံ့ဝန်ထမ်းများ မွေးထုတ်ပေးရန်" ဟူသော ရည်မှန်းချက်နှင့်အညီ ယခုသင်တန်းတွင် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ စာရင်းပြုစုခြင်း၊ စာရင်းနှင့်လုပ်ငန်းစစ်ဆေးခြင်း၊ ဘဏ္ဍာရေးနှင့်စီမံခန့်ခွဲမှုစသည့်ဘာသာရပ်များကို သင်ကြားပို့ချပေးခဲ့ကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းစွမ်းဆောင်ရည် တိုးမြှင့်လာရေး အတွက် အစဉ်ကြိုးစားကြရန်ဖြစ်ပြီး စွမ်းဆောင်ရည်များ တိုးမြှင့်လာသည်နှင့် အမျှ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ထိရောက်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ကြမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ပြည်သူ့ရေးရာစီမံခန့်ခွဲမှု အခြေခံသင်တန်းအမှတ်စဉ် (၁၂) သင်တန်းသို့ ဝန်ကြီးဌာနများမှ သင်တန်းသား၊ သင်တန်းသူ ၄၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးလခွဲခန့် ကြာမြင့်ကြောင်း သိရသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅˚c | / | ၃၆˚c |
| ရန်ကုန် | ၂၄˚c | / | ၃၇˚c |
| မန္တလေး | ၂၄˚c | / | ၃၆˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၅-၅-၂၀၂၄(အင်္ဂါနေ့)

၁။ ၀၆:၀၅ တရားတော်
၂။ ၀၆:၅၀ ဓမ္မပူဇာတေး
၃။ ၁၀:၄၅ စိုက်ပျိုးသုတ
၄။ ၁၁:၅၀ သီချင်းလက်ဆောင်
၅။ ၁၃:၂၀ အမှတ်တရနေ့ရက်များ
၆။ ၁၅:၄၀ ဇာတ်လမ်းတို
၇။ ၁၇:၁၅ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
၈။ ၁၈:၃၀ ယဉ်ကျေးမှုအမွေ မြန်မာစာပေ

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# အများပြည်သူသို့ အသိပေးကြေညာခြင်း

**နေပြည်တော် မေ ၄**

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းပါလမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)ကာလအတွင်း ပြည်သူများအတွက် လက်ငင်းဦးစားပေးလုပ်ငန်းအဖြစ် အသက်(၁၈)နှစ်ပြည့်ပြီးသော်လည်း အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသည့် နိုင်ငံသားများအား သက်ဆိုင်ရာလဝကရုံးများတွင်လည်းကောင်း၊ အသက်(၁၀)နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူများအား ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းနှင့် e-ID စနစ်ဖြင့် UID ကောက်ယူခြင်းလုပ်ငန်းများကို သက်ဆိုင်ရာစာသင်ကျောင်းများတွင်လည်းကောင်း **လမင်းစီမံချက်**ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ထို့ပြင် သဘာဝဘေးအန္တရာယ်နှင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူလက်မှတ်များ ပျက်စီး/ပျောက်ဆုံးမှုများအား e-ID စနစ်ဖြင့် ပြန်လည်တိုက်ဆိုင်စစ်ဆေး၍ မြို့နယ်အဆင့် (၅) ဦးကော်မတီဖြင့် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်၊ ဧည့်၊ ပြု ကတ်များ ပြန်လည်ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။

၃။ သို့ရာတွင် အချို့သောပြည်သူများသည် ရုံးလုပ်ငန်းများဆောင်ရွက်တတ်ခြင်းမရှိသဖြင့် ပွဲစားများအသုံးပြုဆောင်ရွက်ခဲ့ရာ မလိုလားအပ်သည့်ပြဿနာများ၊ စာရွက်စာတမ်းအတုများ ရရှိခဲ့ကြပါသည်။

၄။ သို့ဖြစ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေဆိုင်ရာလုပ်ငန်းများဆောင်ရွက်ကြမည့်ပြည်သူများအနေဖြင့် သက်ဆိုင်ရာလဝကမြို့နယ်ရုံးများသို့ လာရောက်သည့်အခါ ရုံးများအဝင်ရှိ ဧည့်ကြိုကောင်တာတွင် လဝကဝန်ထမ်းများမှ စိစစ်စာရင်းသွင်းပြီးနောက် အခက်အခဲရှိသည့်ပြည်သူများအတွက် အတူလိုက်ပါပြီး ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ အထောက်အထားပြည့်စုံပါက လုပ်ငန်းဆောင်ရွက်မှုအား နေ့ချင်းပြီးဆောင်ရွက်ပေးမည်ဖြစ်ပြီး အထောက်အထားအချက်အလက်မပြည့်စုံပါက လိုအပ်သည့်အထောက်အထားများကို သက်ဆိုင်ရာလဝကမြို့နယ်ရုံးအချင်းချင်းချိတ်ဆက်ကာ ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ ကာယကံရှင်များအတွက် သိရှိလိုသည်များ၊ ယူဆောင်လာရမည့်အထောက်အထားများနှင့်ပတ်သက်၍ လဝကမြို့နယ်ရုံးအသီးသီး၌ ဗီနိုင်းများချိတ်ဆွဲခြင်းနှင့်လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

၅။ ဝန်ကြီးဌာနမှ ဝန်ဆောင်မှုပေးသည့် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်၊ ဧည့်၊ ပြု ကတ်ပြားများကို အောက်ဖော်ပြပါအကောင့်အတု(Fake Account)များမှ Online တွင်ကြော်ငြာ၍ စာရွက်စာတမ်းအတုများထုတ်ပေးလျက်ရှိသဖြင့် အမှုဖွင့်တရားစွဲဆောင်ရွက်လျက်ရှိသောကြောင့် ပွဲစားများ၊ အကောင့်အတု(Fake Account)များဖြင့် လုံးဝဆက်သွယ်ဆောင်ရွက်ခြင်းမပြုပါရန်နှင့် သက်ဆိုင်ရာလဝကမြို့နယ်ရုံးများသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်-

(က) Account Name - Shwe yamin
(09-444810929 ၊ 09-968720062၊ 09-955550231)
https://www.tiktok.com/@shwe.yamin297?_r=1&_t=ZS-964iVHFlPIm

( ခ ) Account Name - Phyu zin (မှတ်ပုံတင်ရုံး)
(09-962738756၊ 09-952733267)
https://www.tiktok.com/@phyu.zin5906?_r=1&_t=ZS-964iZOY0OeY

( ဂ ) Account Name - ရတီမေဦးမှတ်ပုံတင်ဝန်ဆောင်မှု
(09-985955682 ၊ 09-971355796)
https://www.tiktok.com/@wai.yan.moe537?_r=1&_t=ZS-964ikTbUEZM

(ဃ ) Account Name - မှတ်ပုံတင်ဝန်ဆောင်မှု
(09-780788106 ၊ 09-798700781)
https://www.tiktok.com/@user26765611615576?_r=1&_t=ZS-964j5cRwwcM


( င ) Account Name - Oomin
(09-764180425)
https://www.tiktok.com/@ooye852?_r=1&_t=ZS-964jDCybqh0


( စ ) Account Name - Ko Hein
(09-971355796 ၊ 09-985955682 ၊ 09-785068854)
https://www.tiktok.com/@..kohein0?_r=1&_t=ZS-964tOP1yZ3n


၆။ ပြည်သူများအနေဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ သိရှိလိုသည်များ၊ လုပ်ငန်းအဆင်မပြေမှုများနှင့် အခက်အခဲတစ်စုံတစ်ရာရှိပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းဆောင်ရွက်နိုင်ပါကြောင်း အသိပေးနှိုးဆော်တိုက်တွန်းအပ်ပါသည်-


- အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသားဦးစီးဌာန - ၀၆၇-၃၄၃၁၀၄၅/ ၃၄၃၁၀၅၆
- အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန - ၀၆၇-၃၄၃၁၅၅၁
- ကချင်ပြည်နယ်ဦးစီးမှူးရုံး - ၀၉-၂၆၃၅၁၉၇၈၇
- ကယားပြည်နယ်ဦးစီးမှူးရုံး - ၀၉-၂၅၀၀၆၄၀၅၀
- ကရင်ပြည်နယ်ဦးစီးမှူးရုံး - ၀၉-၄၂၂၄၆၈၉၈၂
- ချင်းပြည်နယ်ဦးစီးမှူးရုံး - ၀၉-၄၀၀၃၁၀၈၂၀
- စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး - ၀၉-၇၆၂၆၄၁၄၆၉
- တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံး - ၀၉-၂၅၀၉၅၀၅၅၀
- ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး - ၀၉-၄၂၀၆၀၃၇၀
- မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး - ၀၉-၄၅၀၀၆၄၉၈၅
- မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး - ၀၉-၄၀၇၅၉၀၆
- မွန်ပြည်နယ်ဦးစီးမှူးရုံး - ၀၉-၆၉၂၂၇၆၃၅၈
- ရခိုင်ပြည်နယ်ဦးစီးမှူးရုံး - ၀၉-၄၃၀၇၀၇၈၉
- ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး - ၀၉-၄၃၀၃၅၈၂၉
- ရှမ်းပြည်နယ်ဦးစီးမှူးရုံး - ၀၉-၆၉၉၀၃၂၈၀၅
- ဒုတိယပြည်နယ်ဦးစီးမှူးရုံး(ရှမ်းမြောက်) - ၀၉-၆၇၇၆၁၈၂၂၈
- ဒုတိယပြည်နယ်ဦးစီးမှူးရုံး(ရှမ်းအရှေ့) - ၀၉-၄၂၈၂၃၅၁၄၈
- ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး - ၀၉-၈၉၈၉၄၂၀၆၉
- ပြည်ထောင်စုနယ်မြေဦးစီးမှူးရုံး - ၀၉-၄၂၇၂၂၇၀၁၁

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**









# ရွေးကောက်ပွဲတွင်အသုံးပြုခဲ့သည့် မြန်မာအီလက်ထရောနစ်မဲပေးစက်များ ထိန်းသိမ်းထားရှိမှု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးသည် ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးသန်းအောင်ကျော်၊ နေပြည်တော်ကောင်စီဝင်များ နှင့်အတူ ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပြည်ထောင်စု နယ်မြေ မြို့နယ် ၈ မြို့နယ်၌အသုံးပြုခဲ့သည့် မြန်မာအီလက် ထရောနစ်မဲပေးစက် (MEVM) များအားထိန်းသိမ်းထားရှိမှုနှင့် ခြောက်လတစ်ကြိမ် စစ်ဆေးနေမှုများကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည်ပြည်ထောင်စု နယ်မြေ မြို့နယ် ၈ မြို့နယ်၌ ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ တွင်အသုံးပြုခဲ့သည့် မြန်မာအီလက်ထရောနစ်မဲပေးစက်များအား သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှတာဝန်ရှိသူ များ၊ ကျွမ်းကျင်သူနည်းပညာရှင်များဖြင့် စစ်ဆေးခြင်း၊ စစ်ဆေး တွေ့ရှိမှုများ၊ ပြင်ဆင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မဲပေးစက်များသည် ကြီးကြပ်ကန့်သတ်ပစ္စည်းများဖြစ်၍ ထိခိုက် ပျက်စီးမှုမရှိစေရေး အီလက်ထရောနစ်မဲပေးစက်စစ်ဆေးထိန်းသိမ်း ခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်ပါအချက်များဖြစ်သော အီလက် ထရောနစ်မဲပေးစက်များစစ်ဆေးခြင်း၊ အီလက်ထရောနစ်မဲပေး စက်များထားသိုခြင်း၊ ဘက်ထရီများထားသိုခြင်း၊ လုံခြုံရေးအစီအမံ များ၊ စစ်ဆေးပြီးစီးမှုများကို ကော်မရှင်သို့တင်ပြခြင်း စသည့် အချက်များအတိုင်း စနစ်တကျထားသိုထိန်းသိမ်းကြရန်နှင့် ခြောက်လတစ်ကြိမ်ပုံမှန်စစ်ဆေးခြင်းများ အလေးထားဆောင် ရွက်ကြရန်မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ



# အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး) စက်မှုကျွမ်းကျင်တစ်နှစ်သင်တန်း အမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တက်ရောက်

နေပြည်တော် မေ ၄

မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)၌ စက်မှုကျွမ်းကျင်တစ်နှစ်သင်တန်းအမှတ်စဉ် (၁၄) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပ သည်။

ဦးစွာ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာချာလီသန်းက နိုင်ငံတော် သမ္မတက "မိမိတို့နိုင်ငံကို ဖွံ့ဖြိုးတိုးတက် သည့် ဒီမိုကရေစီပြည်ထောင်စုအဖြစ် တည်ဆောက်နိုင်ရေးအတွက် ထူးချွန် ထက်မြက်သည့် အသိပညာရှင်၊ အတတ် ပညာရှင်လူ့စွမ်းအားအရင်းအမြစ်များစွာ လိုအပ်ကြောင်း"ကို လမ်းညွှန်မှုပြုထား သဖြင့် အသက်မွေးဝမ်းကျောင်းပညာရပ် များကို ကာလတိုနှင့် လိုအပ်ချက်ရှိသည့် တိုင်းဒေသကြီး/ပြည်နယ်များသို့သွားရောက် လေ့ကျင့်သင်ကြားနိုင်ရေးအစီအမံများ ချမှတ်ဆောင်ရွက်ပြီးဖြစ်ကြောင်း။

သင်တန်းသား၊ သင်တန်းသူများအနေ ဖြင့် သင်ကြားပေးလိုက်သည့် စက်မှုပညာ ရပ်များကို လုပ်ငန်းခွင်ဝင်သည့်အချိန်တွင် စာတွေ့နှင့်လက်တွေ့ပေါင်းစပ်ပြီး စဉ်ဆက် မပြတ်သင်ယူလေ့လာကြရန်၊ ကျရာအခန်း ကဏ္ဍမှ နိုင်ငံနှင့်လူမျိုးအတွက် စက်မှုနှင့် ပတ်သက်သည့် အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ကြရန်၊ စက်မှုအခြေခံကောင်း များမှတစ်ဆင့် တီထွင်သုတေသနပြုမှု၊ ဒီဇိုင်းဆန်းသစ်မှု၊ ခေတ်နှင့်အမီ ရင်ပေါင် တန်းနိုင်မှု၊ စီးပွားရေးတွက်ခြေကိုက်မှုများ နှင့် စက်မှုကုန်ထုတ်လုပ်ငန်းများ အဆင့်မြှင့် ဆောင်ရွက်နိုင်သည်အထိ ကြိုးစားသွား ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်ကြားပေးမည့် စာတွေ့ လက်တွေ့ဘာသာရပ်များ အောင်မြင် အောင် ကြိုးစားသင်ယူသွားပြီး နိုင်ငံတော် အတွက် အားကိုးအားထားပြုရသည့် လူငယ်များဖြစ်လာစေရန်ဆန္ဒပြုပါကြောင်း



နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်ချက်များကို ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် သင်တန်း ကျောင်းခန်းမ၌ ဆရာ၊ ဆရာမများကို တွေ့ဆုံ၍ ဆရာ၊ ဆရာမများအနေဖြင့် မိမိ တို့ဘာသာရပ်များအလိုက် နိုင်ငံတကာ စံနှုန်းများကိုလေ့လာပြီး လက်တွေ့အသုံးချ နိုင်မည့် အခြေအနေများကို ပြုစုဖော်ထုတ် သွားကြရန်လိုကြောင်း မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် မကွေး တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှူးရုံးတွင် MSME အေဂျင်စီအဖွဲ့ဝင်များ၊ ဒေသဆိုင်ရာစက်မှုဇုန် ကော်မတီဝင်များနှင့်တွေ့ဆုံ၍ နိုင်ငံတော် သမ္မတ၏ MSME ကဏ္ဍဆိုင်ရာ လမ်းညွှန်ချက်များ၊ ဝန်ကြီးဌာနအနေဖြင့် အစိုးရသစ်တာဝန်ယူပြီး ရက် ၁၀၀ အတွင်း ဆောင်ရွက်သွားမည့် MSME ဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာအစီအမံများနှင့်ပတ်သက်၍ ထပ်ဆင့်ရှင်းလင်းသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး MSME အေဂျင်စီအဖွဲ့ဝင်များ၊ ဒေသဆိုင်ရာစက်မှုဇုန် ကော်မတီဝင်များက ရှင်းလင်းတင်ပြ ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး သည် မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ် ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရှိ ဝန်ထမ်း များနှင့်တွေ့ဆုံ၍ တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ပထမပုံမှန်အစည်း အဝေးဆဋ္ဌမနေ့တွင် ပြောကြားခဲ့သည့် မိန့်ခွန်းနှင့် နိုင်ငံတော်သမ္မတ၏ မိန့်ခွန်း နာခံခြင်းနှင့် ကတိသစ္စာပြုခြင်းအခမ်းအနား တွင်ပြောကြားခဲ့သည့် လမ်းညွှန်ချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

ပဲခူး မေ ၄

ပဲခူးမြို့ အထွေထွေရောဂါကုပြည်သူ့ ဆေးရုံကြီး အောင်သုခဆေးကုသဆောင် ၌ ယနေ့နံနက်ပိုင်းတွင် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ စုပေါင်းသွေးလှူဒါန်း ပွဲသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သွားရောက်ကြည့်ရှုအားပေး ခဲ့သည်။



အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်း နှင့် တာဝန်ရှိသူများက လိုက်လံ ကြည့်ရှုအားပေးပြီး သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များအား ဆန်၊ ကြက်ဥ၊ မုန့်၊ အားဆေး၊ အချိုရည်နှင့်ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကာ သွေးအလှူရှင် မီးသတ် တပ်ဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်း များအား ရင်းရင်းနှီးနှီးအားပေးစကား ပြောကြားခဲ့သည်။

နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ် တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းရာတွင် ပဲခူးတိုင်း ဒေသကြီးမီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူး ဦးစောထွန်း ဦးဆောင်၍ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနရုံးများနှင့် မီးသတ်နယ်မြေစခန်းများရှိ သန္နေမီးသတ် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်း ၁၂၀ ဦးတို့မှ စုပေါင်းသွေးလှူဒါန်း ခဲ့ကြောင်း သိရသည်။

(၄၁၀)

## (၄-၅-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၆ ~ ၃၆၆၈ | ၅၅၇.၉ ~ ၅၅၈.၇ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်းရောင်းဝယ်သည့်ပမာဏ | ၁၅,၈၀၆,၉၉၆.၄၅ | ၁၁,၃၅၃,၀၂၂.၂၅ | ၁၃၃,၂၆၄,၆၁၅.၆၄ | |
| ဗဟိုဘဏ်မှဈေးကွက်အတွင်းရောင်းချပေးသည့်ပမာဏ | | | ၁,၂၀၀,၀၀၀.၀၀ | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ဆိုင်ကယ် အပိုပစ္စည်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ စားသုံးကုန်စည်၊ စက်မှုကုန်ကြမ်းတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃.၃၅ သန်းကိုလည်းကောင်း၊ LNG ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂.၀၀ သန်းကိုလည်းကောင်း၊ ဗဟိုဘဏ်မှ စက်မှု ကုန်ကြမ်းကဏ္ဍသို့ ထိုင်းဘတ် ၁.၂၀ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# ဘလက်ကော်ဖီသောက်ခြင်း၏ကျန်းမာရေးအကျိုးကျေးဇူးများ

ဒေါက်တာသိင်္ဂီကျော်

ကော်ဖီသည် နေ့စဉ် သောက်သုံးလေ့ရှိသော လူကြိုက်များသည့် သောက်စရာတစ်ခုဖြစ်သည်။ ဘလက်ကော်ဖီသည် နှစ်သက်ရာကော်ဖီမှုန့်ကို ရိုးရိုးရေနှင့် ဖျော်စပ်ထားသော ရေကိုအခြေခံသည့် ဖျော်ရည်ဖြစ်သည်။ ဘလက်ကော်ဖီတွင် သကြား၊ နို့ သို့မဟုတ် နို့မှုန့်ကဲ့သို့သော အပိုပစ္စည်းများ မပါဝင်သောကြောင့် ကာဗိုဟိုက်ဒရိတ်နှင့် အဆီမပါဝင်ဘဲ ဖျော်စပ်ထားသော ရိုးရိုးကော်ဖီဖြစ်သည်။ ဘလက်ကော်ဖီတွင်ပါဝင်သော ကဖင်းဓာတ်သည် ပိုမိုနိုးကြားတက်ကြွလန်းဆန်းစေသည့်အပြင် မောပန်းနွမ်းနယ်မှုကို လျော့နည်းစေပြီး စိတ်ခံစားချက်၊ သိမြင်နိုင်စွမ်းနှင့် အားကစားစွမ်းဆောင်ရည်တို့ကို မြှင့်တင်ပေးနိုင်သဖြင့် ကော်ဖီကြိုက်သူများအတွက် ကျန်းမာရေးနှင့်ညီညွတ်သော ရွေးချယ်စရာဖြစ်သည်။



### ဘလက်ကော်ဖီတွင် ပါဝင်သောအာဟာရဓာတ်များ

ဘလက်ကော်ဖီတွင် ကဖင်းဓာတ်အပြင် ပိုတက်ဆီယမ်၊ မဂ္ဂနီဆီယမ်နှင့် ဆိုဒီယမ်တို့ပါရှိသည်။ ထို့ပြင် ဗီတာမင် B2၊ B3 နှင့် B5၊ Manganese၊ Niacin နှင့် Riboflavin များပါဝင်သည်။ ဘလက်ကော်ဖီသည် အစွမ်းထက်အင်တီအောက်စီးဒင့်များ ကြွယ်ဝသဖြင့် ရောင်ရမ်းမှုကိုတိုက်ဖျက်ခြင်းနှင့် ဆဲလ်များပျက်စီးခြင်းမှကာကွယ်ပေးနိုင်သဖြင့် ခန္ဓာကိုယ်၏ခုခံအားနှင့်ဇီဝဖြစ်စဉ်ကိုအားကောင်းစေပြီးအလုံးစုံကျန်းမာရေးကို အထောက်အကူပြုစေသည်။

### စိတ်ခံစားချက်ကို မြှင့်တင်ပေးခြင်း

ဘလက်ကော်ဖီသည် အာရုံကြောစနစ်ကို နှိုးဆွပေးပြီး Norepinephrine နှင့် Dopamine ကဲ့သို့သော ပျော်ရွှင်စေသည့်ဓာတုပစ္စည်းများ ထွက်ရှိမှုကို တိုးမြှင့်စေပြီး စိတ်အားတက်ကြွမှုနှင့် စိတ်ကျေနပ်မှုကိုဖြစ်စေသည်။ ဘလက်ကော်ဖီတွင်ပါရှိသော ကဖင်းဓာတ်သည် ဦးနှောက်အတွင်းလှုံ့ဆော်မှုကို တိုးမြှင့်စေ၍ အာရုံစူးစိုက်မှု၊ တုံ့ပြန်မှုနှင့် မှတ်ဉာဏ်စွမ်းရည်ကို မြှင့်တင်ပေးသည်။

### ဦးနှောက်ကျန်းမာရေးကိုကောင်းမွန်စေခြင်း

အသက်ကြီးလာသည်နှင့်အမျှ သိမြင်မှုစွမ်းရည်များလျော့နည်းလာပြီး မှတ်ဉာဏ်ဆိုင်ရာရောဂါများ၊ အယ်လ်ဇိုင်းမားနှင့် ပါကင်ဆန်ကဲ့သို့သော အာရုံကြောရောဂါများဖြစ်လာနိုင်သည်။ ကော်ဖီတွင်ပါရှိသောကဖင်းဓာတ်နှင့် အင်တီအောက်စီးဒင့်များက ဦးနှောက်ဆဲလ်များပျက်စီးခြင်းမှ ကာကွယ်ပေးသဖြင့် ဉာဏ်ရည်ဉာဏ်သွေးကျဆင်းမှုနှင့် မှတ်ဉာဏ်ကျဆင်းမှုကိုလျော့ချပေးသည်။ ဘလက်ကော်ဖီကို ပုံမှန်သောက်ခြင်းသည် အာရုံကြောများကို တက်ကြွစေပြီး ဦးနှောက်လုပ်ဆောင်ချက်ကို မြှင့်တင်ပေးခြင်းဖြင့် မှတ်ဉာဏ်ပိုမိုကောင်းမွန်လာစေသည်။ ကော်ဖီသည် အယ်လ်ဇိုင်းမားရောဂါနှင့် ပါကင်ဆန်ရောဂါ အပါအဝင် တချို့သော အာရုံကြောဆိုင်ရာချို့ယွင်းမှုများကို ကာကွယ်ပေးနိုင်ကြောင်း သုတေသနတချို့က အကြံပြုထားသည်။

### အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါဖြစ်နိုင်ခြေကို လျော့ချပေးနိုင်ခြင်း

ကဖင်းဓာတ်နှင့် Chlorogenic Acid ပါဝင်မှုသည် အင်ဆူလင်ခုခံမှုအဆင့်ကို လျော့ချပေးနိုင်သဖြင့် အင်ဆူလင်အာရုံခံနိုင်စွမ်းကို မြှင့်တင်ပေးနိုင်ပြီး ပန်ကရိယရှိ အင်ဆူလင်ထုတ်သော ဘီတာဆဲလ်များ၏ ရောင်ရမ်းမှုနှင့် ဇီဝဖြစ်ပျက်မှုကို ထိန်းသိမ်းထားနိုင်ခြင်းကြောင့် သွေးတွင်းသကြားဓာတ်ကို ထိန်းချုပ်နိုင်သဖြင့် အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါကို ကာကွယ်နိုင်ကြောင်း တွေ့ရှိခဲ့သည်။ လူပေါင်း ၁ ဒသမ ၁ သန်းကျော်ကို လေ့လာမှုအရ ကော်ဖီသောက်သုံးမှုနှင့် အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါ ဆက်စပ်မှုကို တွေ့ရှိခဲ့သည်။ ကော်ဖီလုံးဝမသောက်သူများသည် အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါဖြစ်နိုင်ခြေအမြင့်ဆုံးဖြစ်သည်ကို တွေ့ရှိရသည်။ ထို့ကြောင့် နေ့စဉ် ကော်ဖီတစ်ခွက်ကို ပုံမှန်သောက်သုံးခြင်းသည် ရေရှည်တွင်အမျိုးအစား- ၂ သွေးချိုဆီးချိုရောဂါဖြစ်နိုင်ခြေ ၆ ရာခိုင်နှုန်းလျော့နည်းကြောင်း တွေ့ရှိခဲ့သည်။

### စိတ်ဖိစီးမှုလျော့ချပေးနိုင်ခြင်း

ဦးနှောက်အတွင်းရှိ အာရုံကြောစနစ်ကိုနှိုးဆွခြင်းဖြင့် Serotonin နှင့် Dopamine ပမာဏကိုမြှင့်ပေးနိုင်သောကြောင့် စိတ်ဓာတ်ကျခြင်း၊ ဝမ်းနည်းပူဆွေးခြင်းနှင့် အထီးကျန်မှုကို သက်သာစေသည်။ ထို့ပြင် ကော်ဖီတွင်ပါရှိသော Chlorogenic Acid၊ Ferulic Acid နှင့် Caffeic Acid တို့သည် စိတ်ဓာတ်ကျနေသူများ၏ ဦးနှောက်တွင်းအာရုံကြောဆဲလ်များ ရောင်ရမ်းခြင်းကို လျော့ချပေးသဖြင့် စိတ်ပူပန်မှုများကိုသက်သာစေသည်။

### အသည်းကျန်းမာရေးကို ထိန်းသိမ်းပေးခြင်း

ဘလက်ကော်ဖီကို ပုံမှန်သောက်ခြင်းသည် အသည်းအင်ဇိုင်းများ၏ပမာဏကို လျော့ကျစေနိုင်သည်။ ဘလက်ကော်ဖီတွင်ပါရှိသော Cafestol နှင့် Kahweol ဒြပ်ပေါင်းများသည် အသည်းကို အဆိပ်အတောက်များကြောင့် ပျက်စီးခြင်းမှကာကွယ်ပေးနိုင်သည်။ အသည်းရောင်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းခြောက်ခြင်းနှင့် အသည်းကင်ဆာရောဂါဖြစ်ပွားခြင်းကို လျော့ချပေးသည်။

### ကင်ဆာဖြစ်နိုင်ခြေကို ကာကွယ်တားဆီးပေးနိုင်ခြင်း

ဘလက်ကော်ဖီ၏ အထင်ရှားဆုံးအကျိုးကျေးဇူးမှာ ကင်ဆာရောဂါတချို့ကို လျော့ချပေးနိုင်သည့် အစွမ်းထက်အင်တီအောက်စီးဒင့်များ ကြွယ်ဝသဖြင့် ခန္ဓာကိုယ်တွင်း ရောင်ရမ်းမှုကိုလျော့ချပေးပြီး အကျိတ်ကြီးထွားမှုကို တားဆီးပေးသည်။ လေ့လာမှုများအရ ဘလက်ကော်ဖီကို ပုံမှန်သောက်သုံးခြင်းဖြင့် အသည်းကင်ဆာ၊ ရင်သားကင်ဆာ၊ သားအိမ်အူမကြီးနှင့် စအိုကင်ဆာကဲ့သို့သော ကင်ဆာအမျိုးအစားတချို့ဖြစ်ပွားနိုင်ခြေကို လျော့ချပေးနိုင်ကြောင်း တွေ့ရှိခဲ့သည်။

### အစာအိမ်ကို သန့်စင်စေခြင်း

ဘလက်ကော်ဖီသောက်ခြင်းသည် အစာအိမ်ထဲမှ အဆိပ်အတောက်များနှင့် အန္တရာယ်ရှိသောဗက်တီးရီးယားများကို ဖယ်ရှားပေးခြင်းဖြင့် အစာအိမ်ကို သန့်စင်ပေးနိုင်သည်။ အစာခြေစနစ်ကို ကောင်းမွန်စေပြီး ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးသည်။ ကော်ဖီသည် ဆီးရွှင်စေ၍ မကြာမကြာသောက်လေ ဆီးသွားသည့်အကြိမ်ရေများလေဖြစ်သည်။ မကြာခဏဆီးသွားခြင်းဖြင့် ခန္ဓာကိုယ်တွင်းရှိ အဆိပ်အတောက်များနှင့် အညစ်အကြေးများကို ဖယ်ရှားပေးသည်။

### ကိုယ်အလေးချိန်လျှော့ချရန် အထောက်အကူပြုခြင်း

ဘလက်ကော်ဖီသည် ကယ်လိုရီမပါဝင်သောကြောင့် ကျန်းမာရေးနှင့်ညီညွတ်သော ကိုယ်အလေးချိန်ကို ထိန်းထားနိုင်သည်။ ကဖင်းဓာတ်များစွာပါဝင်ပြီး ဇီဝကမ္မဖြစ်စဉ်ကို မြှင့်တင်ပေးသောကြောင့် အဆီပိုများကို အလွယ်တကူလောင်ကျွမ်းစေနိုင်သည်။ စွမ်းအင်ကိုတိုးမြှင့်စေ၍ဆာလောင်မှုကို လျှော့ချပေးနိုင်သည်။ သုတေသနပြုချက်များအရ ကဖင်းဓာတ်သည် သောက်ပြီးငါးမိနစ်အကြာတွင် ခန္ဓာကိုယ်၏ အဆီလောင်ကျွမ်းမှုနှုန်းကို ၁၀ ရာခိုင်နှုန်း တိုးစေသည်။ ထို့ကြောင့် ဘလက်ကော်ဖီကိုသောက်လျှင် အဆီများကို ချက်ချင်းလောင်ကျွမ်းစေပြီး မလိုလားအပ်သောအဆီအဖြစ် သိမ်းဆည်းထားခြင်း မရှိသောကြောင့် ခန္ဓာကိုယ်အဝလွန်ခြင်းမှ ကာကွယ်နိုင်သည်။

### အားကစားစွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ခြင်း

ဗဟိုအာရုံကြောစနစ်ကိုလှုံ့ဆော်ပေးသည့် Caffeine ဓာတ်ပါရှိသောကြောင့် ပိုမိုနိုးကြားတက်ကြွလန်းဆန်းစေပြီး ပင်ပန်းနွမ်းနယ်မှုကိုလျှော့ချနိုင်သည်။ Dopamine အပါအဝင် စွမ်းအင်ကိုထိန်းညှိပေးသည့် ဦးနှောက်အတွင်းရှိ ဓာတုပစ္စည်းများ ထုတ်လွှင့်မှုကို တိုးမြှင့်စေပြီး စွမ်းအင်ပမာဏကို မြှင့်တင်ပေးသည်။ ထို့ကြောင့် လေ့ကျင့်ခန်းမစခင် ဘလက်ကော်ဖီတစ်ခွက်သောက်ခြင်းသည် ခွန်အားနှင့်ခံနိုင်ရည်ကို တိုးမြှင့်စေပြီး လေ့ကျင့်ခန်းစွမ်းဆောင်ရည်ကို မြှင့်တင်ပေးသည်။ ခန္ဓာကိုယ်တွင် စွမ်းအင်ကို ချက်ချင်းမြှင့်တင်ပေးပြီး လေ့ကျင့်ခန်းများကို ပိုမိုကောင်းမွန်စွာလုပ်ဆောင်နိုင်စေသည်။ လေ့ကျင့်ခန်းပြုလုပ်ခြင်းကြောင့် ကြွက်သားနာခြင်းကိုလျှော့ချပေးပြီး လုပ်ရှားမှုများပိုမိုပြုလုပ်သည့်အခါ ကယ်လိုရီများကို ပိုမိုလောင်ကျွမ်းစေသည်။

### အကြံပြုချက်

ဘလက်ကော်ဖီတွင် ကျန်းမာရေးအကျိုးကျေးဇူးများစွာရှိသော်လည်း အလွန်အကျွံသောက်သုံးပါက ဘေးထွက်ဆိုးကျိုးများဖြစ်ပေါ်လာနိုင်သည်။ အိပ်စက်ခြင်းကို အနှောင့်အယှက်ဖြစ်စေပြီး နှလုံးတုန်ခြင်းနှင့် စိတ်ပူပန်မှုကိုပိုမိုဆိုးရွားစေနိုင်သည်။ ဘေးထွက်ဆိုးကျိုးများကိုရှောင်ရှား၍ ကောင်းကျိုးများကို ခံစားနိုင်ရန် ဘလက်ကော်ဖီကို မျှတစွာသောက်သုံးရန် အရေးကြီးသည်။ အမေရိကန်လူမျိုးများ၏ အစားအသောက်လမ်းညွှန်ချက်များအရ တစ်နေ့လျှင် ကော်ဖီ ၃ ခွက်မှ ၅ ခွက် သို့မဟုတ် ပျမ်းမျှအားဖြင့် ကဖင်း ၄၀၀ မီလီဂရမ်ထက်ပို၍မသောက်သင့်ပေ။ ကဖင်းဓာတ်သည် အချင်းမှတစ်ဆင့် သန္ဓေသားသို့ ဖြတ်သန်းသွားပြီး သန္ဓေသား ကိုယ်အလေးချိန်နည်းခြင်းနှင့် ကိုယ်ဝန်ဆုံးရှုံးခြင်းတို့ဖြစ်ပွားနိုင်သောကြောင့် ကိုယ်ဝန်ရှိသူများတွင် နေ့စဉ် ကဖင်းဓာတ် ၂၀၀ မီလီဂရမ်ထက် လျှော့သောက်ရန် သို့မဟုတ် ရှောင်ကြဉ်ရန် အကြံပြုထားသည်။ ဆယ်ကျော်သက်များသည် တစ်နေ့လျှင် ကော်ဖီတစ်ခွက် သို့မဟုတ် ကဖင်းဓာတ် ၁၀၀ မီလီဂရမ်ထက် ပို၍မသောက်သင့်ဟု အကြံပြုထားသည်။

အချုပ်အားဖြင့်ဆိုရသော် နံနက်ခင်းတွင် ဘလက်ကော်ဖီသောက်ခြင်းသည် လန်းဆန်းတက်ကြွစေပြီး အိပ်ရေးပျက်ခြင်းကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ ဘလက်ကော်ဖီသည် ကယ်လိုရီနှင့် ကိုလက်စထရောကင်းစင်သော အကောင်းဆုံးဖျော်ရည်တစ်မျိုးဖြစ်သည်။ မျှတစွာသောက်သုံးပါက စိတ်ခံစားချက်နှင့် သိမြင်မှုမှတ်ဉာဏ်ဆိုင်ရာ လုပ်ဆောင်ချက်များကို တိုးတက်ကောင်းမွန်စေပြီး ရောဂါအမျိုးမျိုး၏ အန္တရာယ်ကို လျှော့ချပေးနိုင်သောကြောင့် ကျန်းမာရေးနှင့်ညီညွတ်သော တန်ဖိုးရှိသည့်အစားအသောက် တစ်ခုဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# မွေးကင်းစမှ အသက်နှစ်နှစ်အောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံ့တိုက်ကျွေးခြင်းများဆောင်ရွက်

သီပေါ မေ ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ်၌ ကလေးငယ်များ ရောဂါကင်း၍ ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ရေးအတွက် မွေးကင်းစမှ အသက်နှစ်နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံ့တိုက်ကျွေးခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ မေလ ၄ ရက်တွင် ဆောင်ရွက်သည်။

ထိုသို့ကာကွယ်ဆေးထိုးနှံ့တိုက်ကျွေးရာတွင် မွေးကင်းစမှ အသက်နှစ်နှစ်အောက်ကလေးငယ်များအား ပေါင်ချိန်ပေးခြင်း၊ အသက်အရွယ်အလိုက် ဘီစီဂျီ၊ ဆုံဆို့၊ ကြက်ညှာချောင်းဆိုး၊ မေးခိုင်၊ အသည်းရောင်အသားဝါဘီ၊ ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဂျပန်ဦးနှောက်ရောင်၊ ပြင်းထန်အဆုတ်ရောင် (ပီစီဗွီ)၊ ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါ(ရိုတာကာကွယ်ဆေး)၊ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ကိုးမျိုးကို ထိုးနှံ့ပေးပြီး ပိုလီယိုရောဂါကာကွယ်ဆေးကို တိုက်ကျွေးခဲ့သည်။

ထို့ပြင် ကိုယ်ဝန်ဆောင်များနှင့် ကလေးမိခင်များကို ကျန်းမာရေးနှင့်ပတ်သက်သည့် အသိပညာပေးခြင်းနှင့် ကလေးအာဟာရဖွံ့ဖြိုးရေးအတွက် အသိပညာပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# ပထမအကြိမ် နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကျင်းပ

ကျိုင်းတောင်း မေ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့ မွေတော်မြို့နံစေတီတော်ဝင်းအတွင်း၌ မေလ ၃ ရက်တွင် ပထမအကြိမ် နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကျင်းပသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ ဦးစီးနာယက ဆရာတော် ဘဒ္ဒန္တသီရိဓဇ(ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ) နယ်လှည့်ဓမ္မကထိကနှင့် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာတာဝန်ခံဆရာတော် ဘဒ္ဒန္တထေရဝံသ(ဓမ္မာစရိယ၊ မဟာစည်ကမ္မဋ္ဌာနာစရိယ)တို့က ယဉ်ကျေးလိမ္မာသင်တန်းသို့တက်ရောက်ခဲ့သည့် ကလေးငယ်များအား ဆုံးမဩဝါဒစကားပြောကြားသည်။ အဆိုပါယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်ခြင်းမှာ ကျိုင်းတောင်းမြို့ရှိကလေးငယ်များအား ကိုယ်၊ နှုတ်၊ နှလုံးယဉ်ကျေးသိမ်မွေ့သော လူလိမ္မာများဖြစ်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။



အဆိုပါသင်တန်းကို မတ်လ ၂၅ ရက်မှ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသို့ ကလေးငယ် ၁၅၀ ဦးခန့်တက်ရောက်ကြောင်းသိရသည်။

**ကိုကို(ပြန်/ဆက်)**

# VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းဆောင်ရွက်

ဟင်္သာတ မေ ၄

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ခြင်ဘိုကျေးရွာအုပ်စု၊ ဒါးကကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို မေလ ၃ ရက် နံနက်ပိုင်းတွင် အဆိုပါကျေးရွာဓမ္မာရုံ၌ဆောင်ရွက်သည်။

ရှေးဦးစွာ ဟင်္သာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးဟန်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ကျေးလက်နေပြည်သူများက စိတ်ပါဝင်စားစွာ အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် ဟင်္သာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများနှင့် လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲပါကော်မတီရွေးချယ်ရာတွင် လိုက်နာရန် စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏တာဝန်များနှင့်အကျုံးဝင်သော စီမံကိန်းလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသော ကျေးရွာတာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ သိရှိလိုသည်များမေးမြန်းရာ မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းက ပြန်လည်ရှင်းလင်းဖြေကြားပေးပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီရွေးချယ်ဖွဲ့စည်းပေးကြောင်း သိရသည်။

**ဇင်မာ**

# အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၁၂)သင်တန်းဖွင့်လှစ်



မြိတ် မေ ၄

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန မြိတ်မြို့အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ မေလ ၄ ရက် နံနက်ပိုင်းတွင် အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၁၂) သင်တန်းဖွင့်ပွဲကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြိတ်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဦးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ခင်းကျင်းပြသထားသည့် သင်ထောက်ကူပစ္စည်းများကို တက်ရောက်လာကြသူများက ကြည့်ရှုအားပေးသည်။ သင်တန်းတက်ရောက်ကြသည့် သင်တန်းသူတစ်ဦးချင်းစီကို သင်တန်းကျောင်းမှ ပိတ်စ၊ သိုးမွေး၊ စီလွန်များ၊ လက်မှုဘာသာရပ်ပစ္စည်းများနှင့် သင်တန်းသုံးပစ္စည်း ၃၈ မျိုး၊ စားစရိတ်၊ ရိုးရာဝတ်စုံ၊ တူညီဝတ်စုံများနှင့် အသွားအပြန် ခရီးစရိတ်များကိုလည်း ပံ့ပိုးပေးထားသည်။

အဆိုပါသင်တန်းကို ရက်သတ္တ ၂၂ ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းကာလအတွင်း သင်တန်းသူများအား ကလေးဝတ်၊ အမျိုးသားဝတ်၊ အမျိုးသမီးခေတ်မီပုံဆန်း၊ ဂျပန်စင်တီမီတာနည်းဖြင့် သတို့သမီးဝတ်စုံချုပ်နည်းနှင့် ခေတ်ပေါ်ပုံဆန်းချုပ်နည်းများကို သင်တန်းကျောင်းရှိ အပ်ချုပ်စက်၊ ဘီတင်စက်၊ ဓားစက်၊ မော်တာအပ်ချုပ်စက်နှင့် ကွန်ပျူတာပန်းထိုးစက်များဖြင့် အခြေခံနှင့်အဆင့်မြင့်သင်ခန်းစာများကို သင်ကြားပေးမည်ဖြစ်သည်။

ထို့ပြင် အိမ်တွင်းမှုဘာသာရပ်များဖြစ်သည့် လက်မှုဘာသာရပ်များ၊ ဟင်းလျာချက်ပြုတ်နည်းဘာသာရပ်နှင့် မုန့်လုပ်နည်းဘာသာရပ်များကို စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်သည်။ အဆိုပါသင်တန်းသို့ မြိတ်မြို့နယ်မှ ၁၃ ဦး၊ ကျွန်းစုမြို့နယ်မှသုံးဦးနှင့် တနင်္သာရီမြို့နယ်မှငါးဦး၊ ပလောက်မြို့မှတစ်ဦးနှင့် ဘုတ်ပြင်းမြို့နယ်မှ သုံးဦး စုစုပေါင်းသင်တန်းသူအမျိုးသမီးငယ် ၂၅ ဦး တက်ရောက်ကြောင်းသိရသည်။

**ခိုင်ထူး ( ပြန်/ဆက် )**

နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြုကဗျာ

## အလှူစုတဲ့အားတစ်ခု

❖ မီးသတ်ဂုဏ်
ကြီးမြတ်ပုံ အဝေ။
တွေးရှုကာ စာသခြင်း
ဆောင်ကြဉ်းပါက။

❖ မီးသတိပြုပါ
နှိုးဆော်ကာ အသိပေးလျက်။
မီးဘေးဒဏ် ကင်းစေရေး
ရှေးရှုဆောင်ရွက်။

❖ မီးလောင်မှုဖြစ်ရာ
ကြားသိပါက ငြိမ်းသတ်ရေး။
လျင်မြန်စွာ အရောက်သွား
ကြိုးစားသည်လေး။

❖ မီးဘေးသာမက
သဘာဝဘေး အဖြာဖြာ
ကြုံရတိုင်းမှာ။
ကူညီရာ ကယ်ဆယ်ရာ
တက်ကြွစွာ ပါဝင်၏။
ပြည်သူအပေါ် စေတနာတရား
ကြီးမားသည်တည့်။

❖ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး
ဖော်ဆောင်ပေးသည့် ကဏ္ဍတွေ။
ပါဝင်ကာ ဖေးကူမှုလည်း
ပြုကြပြန်ပေ။
မီးသတ်တပ်ဖွဲ့အားမာန်ဝေ
ထမ်းဆောင်နေ ထာဝရ။
နိုင်ငံအတွက် အားတစ်ခုဟု
ညွှန်းပြုဖွယ်လှ။ ။

**မနေသစ်(ပခုက္ကူ)**

## MWD Variety Channel


၅-၅-၂၀၂၆ (အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၁၀:၃၀ | ကျန်းမာသောဘဝ |
| ၂။ | ၁၁:၃၅ | ဖတ်ပါ မှတ်ပါ လေ့လာပါ |
| ၃။ | ၁၆:၂၀ | ဥပဒေမှတ်စု |
| ၄။ | ၂၂:၅၀ | ကြည်နူးဖူးမြော်ဘုရားပုထိုးစေတီတော် |

# မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးသို့ သွားရောက်လေ့လာခဲ့သည့် ရေကြောင်းလူငယ်၊ လေကြောင်းလူငယ် သင်တန်းသား၊ သင်တန်းသူများ၏ စကားသံများ

နေပြည်တော်    မေ    ၄

ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများနှင့် အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများကို ဧပြီလ ၂၇ ရက်တွင် ဖွင့်လှစ်ပေးခဲ့ပါသည်။ အဆိုပါ ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများသည် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးသို့ သွားရောက်လည်ပတ်ကြရာ သင်တန်းသား၊ သင်တန်းသူများ၏ စကားသံများကို ဖော်ပြလိုက်ပါသည်-


ဦးစိုးမင်းထွန်း


မစုပိုးအိမ်လင်း


မောင်စိုင်းလှိုင်ပြည့်ဖြိုး


မလင်းလက်လက်အောင်


မောင်မင်းငြိမ်းချမ်း


မောင်ပိုင်မြင့်မြတ်


မသင်းနဒီစိုး

**ဦးစိုးမင်းထွန်း(သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်)**

နှစ်(၇၀)ပြည့် ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲအထိမ်းအမှတ်ကို ဧပြီလ ၃၀ ရက်ကနေ မေလ ၂ ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာဖြင့် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေမှာ ကျင်းပနိုင်ခဲ့ပါတယ်။ အခုကတော့ ရဟန်းရှင်လူ ပြည်သူများ၊ လူငယ်များအားလုံးလေ့လာနိုင်အောင် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲအထိမ်းအမှတ် ဓာတ်ပုံပြခန်းကို မေလ ၁၀ ရက်အထိ ဖွင့်လှစ်ပေးသွားမှာဖြစ်ပါတယ်။ ပြခန်းအားလုံးမှာ ပြခန်းတာဝန်ခံတွေချပေးထားပါတယ်။ ပြကွက်အလိုက်လည်း ရှင်းလင်းပြသနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးထားပါတယ်။ ပြတိုက်ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပေးထားပါတယ်။ ဆဋ္ဌသင်္ဂါယနာတင်အခမ်းအနားက နှစ်(၇၀)ပြည့်သွားပြီဖြစ်ပါတယ်၊ လာရောက်လေ့လာသူလူငယ်တွေအနေနဲ့ ဒီပြတိုက်ကြီးကိုကြည့်ပြီး ဆဋ္ဌသင်္ဂါယနာတင်အကြောင်းကိုပါသိရှိပြီး လူငယ်တွေ ထေရဝါဒရဲ့ မြန်မာနိုင်ငံမှာဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းစဉ်တွေသိရှိကာ နောင်အနာဂတ်မှာလည်း ဆက်လက်ပြီး သာသနာနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းပေးပါတယ်။

**မစုပိုးအိမ်လင်း**

မကွေးမြို့ကနေပြီးတော့ ရေကြောင်းလူငယ်အခြေခံသင်တန်းကို လာရောက်တက်ရောက်တာဖြစ်ပါတယ်။ အခုလေ့လာရေးမှာတော့ ဘုရားအလောင်းတော်ဖွားမြင်တာကနေစပြီး ပရိနိဗ္ဗာန်စံတော်မူတဲ့အထိ လေ့လာရတဲ့အပြင် လွန်ခဲ့တဲ့နှစ်ပေါင်း(၇၀)က ကမ္ဘာ့ထေရဝါဒဗုဒ္ဓသာသနာသမိုင်းအကြောင်းနဲ့ ဆဋ္ဌသင်္ဂါယနာတင်ခဲ့ကြတဲ့အကြောင်းတွေကိုပါလေ့လာခွင့်ရခဲ့ပါတယ်။ အရမ်းလည်း ဝမ်းသာကျေနပ်မိပါတယ်။ ဗုဒ္ဓဘာသာဝင်တွေရဲ့အကြောင်းတွေကို ယခင်ကသိရှိထားတာထက် ပိုပြီးသိခွင့်ရခဲ့ပါတယ်။ ဗုဒ္ဓဘာသာဝင် တစ်ယောက်အနေနဲ့ ဘာသာသာသနာကို ထိန်းသိမ်းစောင့်ရှောက်သွားမှာပါ။

**မောင်စိုင်းလှိုင်ပြည့်ဖြိုး**

ကျွန်တော်ကတော့ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်) ကနေ ရေကြောင်းလူငယ်သင်တန်းကို လာရောက်ပြီး တက်ရောက်ခြင်းဖြစ်ပါတယ်။ အခုကတော့ အင်းယားရေကြောင်းလူငယ်စခန်းမှာ ရေကြောင်းပညာသင်ယူနေပါတယ်။ ဒီနေ့မှာ နှစ်(၇၀)ပြည့် ဆဋ္ဌသင်္ဂါယနာတင် အထိမ်းအမှတ်ပြခန်းကို လာရောက်လေ့လာတာဖြစ်ပါတယ်၊ ဒီမှာ ဘာတွေလေ့လာဖြစ်လဲဆိုတော့ စဝင်ဝင်ခြင်းမှာ ဗုဒ္ဓရဲ့ဖြစ်စဉ်မဟာဗုဒ္ဓဝင်တွေကို လေ့လာဖြစ်ခဲ့ပါတယ်။ မဟာဗုဒ္ဓဝင်တွေကို လေ့လာပြီးတဲ့အခါမှာ ဘာကြောင့်သင်္ဂါယနာတင်ရတယ်ဆိုတဲ့အကြောင်းနဲ့ အကျိုးကျေးဇူးတွေကို သိခဲ့ရပါတယ်။ ဗုဒ္ဓဘာသာ မြန်မာနိုင်ငံတော်ကြီးမှာ ဘာသာသာသနာထွန်းကားဖို့အတွက် ယခင်ကဘုန်းတော်ကြီးတွေ ရှေးလူကြီးတွေက ဘယ်လိုမျိုးစွမ်းစွမ်းတမံဆောင်ရွက်ခဲ့တယ်ဆိုတာတွေကို လေ့လာခွင့်ရခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ကျောင်းကိုပြန်ရောက်တဲ့အခါ ကျွန်တော့်ရဲ့သူငယ်ချင်းတွေကို ဆဋ္ဌသင်္ဂါယနာတင်ပုံတွေကို ပြန်ပြောပြပါမယ်။ ဗုဒ္ဓဘာသာမြန်မာနိုင်ငံတော်ကြီးကို ဒီထက်မက ဘာသာသာသနာကြီးထွန်းကားဖို့ ဆုတောင်းပေးပါတယ်။

**မလင်းလက်လက်အောင်**

သမီးကတော့ ဒီကနေ့မဟာပါသာဏလိုဏ်ဂူတော်ကြီးကိုရောက်တဲ့အခါမှာ ဘုရားအလောင်းတော် ဖွားမြင်တာကနေစပြီး ပရိနိဗ္ဗာန်စံတော်မူတဲ့အထိ သာသနာတော်ကိုပြန့်ပွားအောင်လုပ်ခဲ့တဲ့အရာတွေကိုသိရှိရပါတယ်။ ပထမသင်္ဂါယနာတင်ရာကနေစပြီးတော့ ဆဋ္ဌသင်္ဂါယနာတင်တဲ့အထိသာသနာတော်ကြီးကိုလက်ဆင့်ကမ်းတိုးပွားအောင်လုပ်ခဲ့ရတဲ့အရာတွေကို သူငယ်ချင်းတွေကိုပြန်လည်ဝေမျှပေးသွားပါမယ်။ မြန်မာနိုင်ငံရဲ့သမိုင်းဝင်ပြယုဂ်ကြီးဖြစ်တဲ့ မဟာပါသာဏလိုဏ်ဂူတော်ကြီးမှာ ဆဋ္ဌသင်္ဂါယနာတင်တဲ့အခမ်းအနားကို ပါဝင်လေ့လာခွင့်ရတဲ့အတွက် အတိုင်းမသိဝမ်းသာမိပါတယ်။

**မောင်မင်းငြိမ်းချမ်း**

ကျွန်တော်ကတော့အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀) ရန်ကုန်သင်တန်းစခန်းကဖြစ်ပါတယ်။ အခုလိုလာရောက်လေ့လာခွင့်ရတဲ့အတွက်ဂုဏ်ယူမိပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း(၇၀)က ကမ္ဘာ့ထေရဝါဒဗုဒ္ဓသာသနာ့သမိုင်းမှာ မြန်မာနိုင်ငံက ဦးဆောင်ကျင်းပခဲ့တဲ့ ကြီးကျယ်တဲ့ သမိုင်းမှတ်တိုင်ကို ကိုယ်တိုင်မြင်တွေ့ခွင့်ရတဲ့အခါ မြန်မာလူငယ်တစ်ဦးအနေနဲ့ ဂုဏ်ယူဝင့်ကြွားမှုမျိုးခံစားရတယ်။ ဒီလိုကြီးမားတဲ့လိုဏ်ဂူတော်ကြီးနဲ့ သင်္ဂါယနာတင်ပွဲကြီး အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့တဲ့ ရှေးလူကြီးတွေရဲ့ စုပေါင်းအင်အားနဲ့ ဇွဲလုံ့လကို ရေကြောင်း/လေကြောင်းသင်တန်းသားတွေကြားမှာ ရော မွေးမြူသွားမယ်လို့စိတ်ကူးမိပါတယ်။ အခုလေ့လာရေးကနေရတဲ့ ဗဟုသုတတွေကတစ်ဆင့် မိမိတို့ရဲ့မြန်မာ့ယဉ်ကျေးမှုနဲ့ ဘာသာသာသနာကို နောင်တစ်ချိန်မှာ လူငယ်တစ်ယောက်အနေနဲ့ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားမှာပါ။

**မောင်ပိုင်မြင့်မြတ်**

ဒီကနေ့ ကျွန်တော်တို့လာရောက်လေ့လာဖြစ်တဲ့နေရာက ကမ္ဘာအေးကုန်းမြေမှာရှိတဲ့ မဟာပါသာဏလိုဏ်ဂူမှာ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲအထိမ်းအမှတ် နှစ်(၇၀)ပြည့် မဟာမင်္ဂလာကျင်းပခဲ့တဲ့နေရာကို လာရောက်လေ့လာတာဖြစ်ပါတယ်။ ကမ္ဘာ့ထေရဝါဒဗုဒ္ဓဘာသာသမိုင်းမှာ မြန်မာနိုင်ငံကဦးဆောင်ကျင်းပတဲ့ သမိုင်းမှတ်တိုင်ကြီးကို လာရောက်လေ့လာရတဲ့အတွက် ကျွန်တော်မြန်မာနိုင်ငံသားတစ်ယောက်၊ မြန်မာလူငယ်တစ်ဦးအနေနဲ့ အလွန်ဂုဏ်ယူဝင့်ကြွားမိပါတယ်၊ မြတ်စွာဘုရားရှင်ရဲ့ ဗုဒ္ဓဝင်သမိုင်းကြောင်းတွေ၊ ဆဋ္ဌသင်္ဂါယနာတင်ခဲ့ကြတဲ့အကြောင်းတွေနဲ့ ရှေးလူကြီးတွေရဲ့ ကြိုးစားအားထုတ်မှုတွေကို မျက်ဝါးထင်ထင်လေ့လာခဲ့ပါတယ်။ ကျွန်တော့်သူငယ်ချင်းတွေနဲ့ ညီငယ်ညီမငယ်တွေကိုလည်း လေ့လာခဲ့ရတဲ့အကြောင်းတွေကို ပြန်လည်မျှဝေပြောကြားပေးသွားမှာပါ။

**မသင်းနဒီစိုး**

ကျွန်မကတော့ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)မှ မသင်းနဒီစိုးဖြစ်ပါတယ်။ အထက(၂)မှော်ဘီမှာ ပညာသင်ကြားနေတာဖြစ်ပါတယ်။ နှစ်(၇၀)ပြည့် ဆဋ္ဌသင်္ဂါယနာတင်အထိမ်းအမှတ်ပြခန်းကို လာရောက်လေ့လာတာဖြစ်ပါတယ်။ ကမ္ဘာ့ထေရဝါဒဗုဒ္ဓသာသနာ့သမိုင်းကို လာရောက်လေ့လာခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်။ ပိဋကတ်သုံးပုံရဲ့အကြောင်းကို ပိုမိုပြီးတော့လေ့လာခွင့်ရတယ်။ မြန်မာလူမျိုးတို့ရဲ့စိတ်သဘောနဲ့ အလှူအတန်းလုပ်ခဲ့ကြတဲ့ပုံတွေကို လေ့လာခွင့်ရပါတယ်။ ဗဟုသုတတွေကတစ်ဆင့် မိမိတို့ရဲ့ မြန်မာ့ယဉ်ကျေးမှုနဲ့ဘာသာသာသနာကို နောင်တစ်ချိန်မှာ လူငယ်တစ်ယောက်အနေနဲ့ဆက်လက်ထိန်းသိမ်းသွားမှာပါ။ ။

**ရန်ကုန်သတင်းအဖွဲ့**

## နေ့စဉ်လမ်းလျှောက်ခြင်း၏အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျှော့ကျစေခြင်း။
- နှလုံးနှင့်အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါဖြစ်ပွားမှုကို လျှော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကိုလျှော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကိုလျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

# မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး H.E. Mr. Tariq Karim အား ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၄

နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် သံအမတ်ကြီး H.E. Mr. Tariq Karim ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်တွေ့ဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့်ပါကစ္စတန်နိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်နိုင်မည့်အခြေအနေ၊ စီးပွားရေးနှင့်ကုန်သွယ်မှုများမြှင့်တင်နိုင်မှုအခြေအနေတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများတက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၌ သင်တန်းများဖွင့်လှစ်

နေပြည်တော် မေ ၄

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများတွင် နယ်စပ်ဒေသအပါအဝင် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသောဒေသများမှ တိုင်းရင်းသား၊ တိုင်းရင်းသူများအား အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားတတ်မြောက်စေခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိရာ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပထမအကြိမ်အဖြစ် စက်မှုကျောင်းလေးကျောင်းတွင် ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ လက်ကိုင်ဖုန်းပြင်သင်တန်းများနှင့် အိမ်တွင်းမှုသင်တန်းကျောင်း ၁၉ ကျောင်းတွင်အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ်သင်တန်း၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းတို့အား ယနေ့နံနက်ပိုင်းတွင်သင်တန်းကျောင်းအသီးသီး၌ ဖွင့်လှစ်ခဲ့သည်။



သင်တန်းဖွင့်ပွဲအခမ်းအနားများသို့ လွိုင်ကော်မြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင်ကယားပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအံ့မော်၊ ဘားအံမြို့ စက်မှုသင်တန်းကျောင်းနှင့် အိမ်တွင်းမှုသင်တန်းကျောင်းတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ မုဒုံမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ အောင်ပန်းမြို့ စက်မှုသင်တန်းကျောင်းတွင်ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ထားဝယ်မြို့ စက်မှုသင်တန်းကျောင်းတွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ပုသိမ်မြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအေးကျော်၊ လဟယ်မြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးလှထွန်း၊ ဆိုက်ခေါင်အိမ်တွင်းမှုသင်တန်းကျောင်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်၊ ကျိုင်းတုံမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ မြိုင်ကြီးငူ အိမ်တွင်းမှုသင်တန်းကျောင်းတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ခန္တီးမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူတစ်ဦးတို့ တက်ရောက်ဖွင့်လှစ်ပေးပြီး ကျန်သင်တန်းကျောင်းများ၌ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိဦးစီးဌာနများမှ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများနှင့် ခရိုင်/ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ စက်မှုသင်တန်းကျောင်းနှင့် အိမ်တွင်းမှုသင်တန်းကျောင်းများတွင် ဖွင့်လှစ်သည့်သင်တန်းများသို့ ဆောက်လုပ်ရေးသင်တန်းသား ၁၄ ဦး၊ လျှပ်စစ်သင်တန်းသား ၃၅ ဦး၊ ဂဟေသင်တန်းသား ၃၅ ဦး၊ မော်တော်ယာဉ်စက်ပြင်သင်တန်းသား ၄၁ ဦး၊ လက်ကိုင်ဖုန်းပြင်သင်တန်းသား ၁၅ ဦး၊ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းသူ ၄၇၅ ဦး၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများတွင် သင်တန်းသား၊ သင်တန်းသူ ၅၅ ဦး စုစုပေါင်း ၆၇၀ ဦးတက်ရောက်၍ ၂၀၂၆ ခုနှစ် မေလ ၄ ရက်မှ ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၂ ရက်အထိ ရက်သတ္တ ၂၂ ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး နေထိုင်စားသောက်ရေးနှင့် သင်တန်းသုံးပစ္စည်းများ အခမဲ့ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများတွင် ဘဏ္ဍာနှစ်တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ်ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့အချိန်ထိ စက်မှုကျောင်းများတွင် သင်တန်းသား၊ သင်တန်းသူ ၇၀၅၈ ဦးနှင့် အိမ်တွင်းမှုသင်တန်းကျောင်းများတွင် သင်တန်းသူ ၉၈၁၄၈ ဦး သင်ကြားလေ့ကျင့်မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ မြဝတီ

# ၂၀၂၆ ခုနှစ် မေလ ၃ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှား များ | ဆာလဖာဒိုင် အောက်ဆိုက် | နိုက်ထရိုဂျင် ဒိုင်အောက် ဆိုက် | အိုဇုန်း | ကာဗွန် မိုနောက် ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

# နယ်စပ်ရေးရာဝန်ကြီးဌာန၏ ပြည်သူ့အတွက် ပထမရက် (၁၀၀) အတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် မေ ၄

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ပြည်သူ့အတွက်ပထမရက်(၁၀၀)အတွင်း ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်ဆက်လက်ဆောင်ရွက်မည့်စီမံကိန်းလုပ်ငန်းများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ယနေ့ မွန်းလွဲပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက်အတွင်းဝန်/ ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြပြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း)နှင့် ဗဟိုလေ့ကျင့်ရေးကျောင်းတို့မှ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးများ၊ ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများ၊ သင်တန်းကျောင်းများမှကျောင်းအုပ်များက Zoom Application Online System ဖြင့် တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်သမ္မတ၏ပြည်ထောင်စုလွှတ်တော်ကတိသစ္စာပြုပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ပြောကြားသည့် မိန့်ခွန်း၊ နိုင်ငံတော်သမ္မတအိမ်တော်တွင် နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများမှ ဝန်ကြီးချုပ်များနှင့် ဒုတိယဝန်ကြီးများအား တွေ့ဆုံမှာကြားသည့် မိန့်ခွန်းလမ်းညွှန်မှာကြားချက်များအား အသေးစိတ်ရှင်းလင်းပြောကြားခြင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ နယ်စပ်ဒေသနေ တိုင်းရင်းသား ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများမြှင့်တင်ရေး၊ သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ နယ်စပ်ဒေသများတွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ နယ်စပ်ဒေသ၏ အဓိက စီးပွားရေးဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအား မိရိုးဖလာမှ ခေတ်မီစနစ်သို့ ကူးပြောင်းနိုင်ရေး၊ နိုင်ငံတော်အစိုးရ၏ ပထမရက် (၁၀၀) ကာလအတွင်း မိမိတို့ဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန် စံညွှန်းနှင့်အညီ သတ်မှတ်ချိန်တွင် အချိန်မီပြီးစီးအောင် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ကြရေး၊ မိမိတို့ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များကို တိကျစွာကျင့်ကြံနေထိုင်ကာ အဂတိကင်းရှင်းစွာဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကျရာအခန်းကဏ္ဍအသီးသီးမှ ပေးအပ်သောတာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ကြရန်နှင့် အစဉ်အလာကောင်းမွန်ပြီးဖြစ်သည့် ဝန်ကြီးဌာနပုံရိပ်ကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးနှင့်နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်လင်းတို့က ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့် ပြည်သူအတွက် ပထမရက် ၁၀၀ အတွင်း ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းစဉ်များအပါအဝင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းဆွေးနွေးတင်ပြခဲ့ကြပြီး တိုင်းဒေသကြီး/ ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်သွားမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒီဂရီကောလိပ်များနှင့် ဗဟိုလေ့ကျင့်ရေးကျောင်းတို့မှ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအားလည်းကောင်း အသီးသီးရှင်းလင်းတင်ပြခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။

မြဝတီ

➢ ကျောဖုံးမှအဆက်

အဆိုပါစစ်ရေယာဉ်များတွင် အရာရှိ၊ စစ်သည်စုစုပေါင်း(၅၂၇)ဦးလိုက်ပါလာပြီး မေလ ၆ ရက်အထိ သုံးရက်ကြာနေထိုင်၍ ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ လေ့လာလည်ပတ်သွားမည်ဖြစ်ပြီး ချစ်ကြည်ရေးအားကစားပြိုင်ပွဲများလည်း ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)



ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိလာသည့် အိန္ဒိယရေတပ်မှ စစ်ရေယာဉ်ကိုတွေ့ရစဉ်။

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် မေ ၄

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန်အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

# သမဝါယမစနစ် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် အသေးစားထုတ်ကုန်များ၊ တန်ဖိုးမြှင့်ထုတ်ကုန် (Value Added)များ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆွေးနွေး

နေပြည်တော် မေ ၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနရှိ သမဝါယမဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့မှ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း၊ ဒုတိယဝန်ကြီး ဦးသိုက်စိုးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက သမဝါယမစနစ်ဖြင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ စနစ်ကျသည့် စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများဖြစ်စေရေးနှင့် ထွက်ရှိလာသည့် စိုက်ပျိုးရေးကုန်ကြမ်းများကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက နည်းပညာပံ့ပိုး၍ တန်ဖိုးမြှင့်ထုတ်ကုန်များဖြစ်သည်အထိ သမဝါယမစနစ်ဖြင့် ပူးပေါင်းဆောင်ရွက်ရေး၊ သမဝါယမစနစ် (MSME) လုပ်ငန်းများ အောင်မြင်ရေးတို့အတွက် တွေ့ဆုံရခြင်းဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် သမဝါယမစနစ်ကို မဏ္ဍိုင်ပြု၍ စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုတိုးတက်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေး၊ ကျေးလက်အခြေခံအဆောက်အဦများဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီး၍ မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများဆောင်ရွက်ကြရာတွင် သတင်းအချက်အလက်မှန်မှန်ကန်ကန်ကောက်ယူပြီး ဒေသခံတောင်သူများ စနစ်ကျသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်လာစေရေး စည်းရုံးဆောင်ရွက်ကြရန်နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်ရေးအတွက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဆောင်ရွက်ကြရန်နှင့် လက်တွေ့ကျသည့်လုပ်ငန်းစီမံချက်များ ရေးဆွဲတင်ပြဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြုဆောင်းပါး

# ပြည်သူများကို ဘေးအန္တရာယ်များမှကာကွယ်ပေးနေသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့

ကိုဘုန်း

မီးသည် လူ့ယဉ်ကျေးမှု၏အခြေခံအုတ်မြစ်ဖြစ်ခဲ့သည်။ မီးရှိမှလူသားတို့သည် ထမင်းချက်နိုင်ခဲ့သည်။ အလင်းရောင်ရနိုင်ခဲ့သည်။ သို့သော် ထိုမီးအလင်းသာမက မီးဘေးဟူသောအန္တရာယ်ကြီးကိုလည်း လူသားတို့ရင်ဆိုင်ခဲ့ရသည်။ အိမ်တစ်အိမ်မှမီးဘေးသည် ရပ်ကွက်တစ်ခုလုံး၊ မြို့တစ်မြို့လုံးကို ပြာပုံဖြစ်စေနိုင်သော ကြောက်မက်ဖွယ်ရာအဖြစ်ဆိုးကြီးဖြစ်စေသဖြင့် ထိုသို့သောဘေးဆိုးကြီးမှ လူ့အသက်၊ အိုးအိမ်၊ စီးပွားဥစ္စာများကိုကာကွယ်ရန် မီးသတ်တပ်ဖွဲ့ဟူသော အဖွဲ့အစည်းကြီးပေါ်ပေါက်လာခဲ့သည်။

လူအများသည် မီးလောင်ရာမှပြေးကြသော်လည်း မီးသတ်တပ်ဖွဲ့ဝင်တို့သည် မီးလောင်ရာသို့ ပြေးကြသည်။ လူအများသည် ဘေးအန္တရာယ်ကို ရှောင်ကြသော် ထိုသူတို့သည် ဘေးအန္တရာယ်ကို ရင်ဆိုင်ကြသည်။ အိပ်ချိန်၊ စားချိန်၊ အနားယူချိန်မရွေး ဒါမှမဟုတ် သန်းခေါင်ယံအချိန်မရွေး "မီးလောင်သည်"ဟူသောအချက်ပြသံကို ကြားသည်နှင့်တစ်ပြိုင်နက် သူတို့သည် မိမိတို့၏တာဝန်ကို ထမ်းဆောင်ရန် အဆင်သင့်ဖြစ်နေကြသည်။ ဤသည်မှာ မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး၏ပုံမှန်ဘဝဖြစ်သည်။

မြန်မာနိုင်ငံရှိ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ခြင်းအလုပ်တစ်ခုတည်းသာမဟုတ်ဘဲ ရေကြီးခြင်း၊ လေပြင်းတိုက်ခြင်း၊ မုန်တိုင်းကျခြင်း၊ မြေပြိုခြင်းအစရှိသောသဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တွင် ကယ်ဆယ်ရေးလုပ်ငန်းများကိုပါဆောင်ရွက်ကြသည်။ ပြည်သူတို့ဘေးအန္တရာယ် ကြုံတွေ့ရပါက ၎င်းတို့သည် အသက်အန္တရာယ်ကိုမငဲ့ကွက်ဘဲ ကယ်ဆယ်ကြသည်။

မီးသတ်တပ်ဖွဲ့နေ့သည် ထိုသို့သော ရဲစွမ်းသတ္တိရှိသည့်လူများအတွက် အသိအမှတ်ပြုသည့်နေ့ဖြစ်သည်။ ထိုနေ့တွင် နိုင်ငံတစ်ဝန်းရှိမီးသတ်စခန်းများ၌ အခမ်းအနားများကျင်းပကြပြီး ထူးချွန်သည့်မီးသတ်တပ်ဖွဲ့ဝင်များကို ဆုများ၊ ဂုဏ်ပြုလွှာများ ပေးအပ်ကြသည်။

## မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ဖြစ်ပေါ်လာပုံ

၁၉၄၆ ခုနှစ် မေလ ၅ ရက်တွင် ဗမာနိုင်ငံလုံးဆိုင်ရာ စေတနာ့ဝန်ထမ်း မီးသတ်အစည်းအရုံး ညီလာခံကြီးကို ရန်ကုန်မြို့ ကန်တော်ကလေး၊ ဇိနတ်အစ္စလာမ် အမျိုးသမီးကျောင်းတွင်ကျင်းပခဲ့ရာ တစ်ပြည်လုံးရှိ ၁၉ ခရိုင်မှ ကိုယ်စားလှယ်ပေါင်း ၁၉၇ ဦး စုံညီစွာ တက်ရောက်ခဲ့ကြသည်။ ညီလာခံကြီး၏နာယကလူကြီးများမှာ ဦးအောင်ဆန်း၊ ဦးဘချို၊ ဦးဘဂျမ်း၊ သခင်မြ၊ ဦးဘဖေကြီး၊ ဦးစိုးညွှန့်၊ ဟသ်ာတဦးမြ၊ ဦးတင် (မြန်မာ့အလင်း)၊ ဦးမြ(ပျော်ဘွယ်)၊ သခင်သန်းထွန်း၊ ဦးဘဝင်း၊ ဗန္ဓုလဦးစိန်တို့ဖြစ်ကြသည်။ ထို့နောက် ဗမာနိုင်ငံလုံးဆိုင်ရာမီးသတ်ညီလာခံကျင်းပခဲ့သည့် မေလ ၅ ရက်ကို မီးသတ်တပ်ဖွဲ့နေ့အဖြစ် နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်တွင် နှစ်(၈၀) ပြည့်မြောက်ပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် မီးသတ်တပ်ဖွဲ့သည် မီးငြိမ်းသတ်ရေး၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် ခေတ်မီယာဉ်ကြီးများ၊ ခေတ်မီနည်းပညာများဖြင့် မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ်လျက်ရှိရာ ပြည်သူများအနေဖြင့် မီးလောင်မှုနှင့်သဘာဝဘေးအန္တရာယ်များကြုံတွေ့လာပါက မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ Hot Line နံပါတ် ၁၉၁ သို့ အမြန်ဆုံး အကြောင်းကြားကြရန်နှင့် ပါဝင်ကူညီကြရန်လည်း နှိုးဆော်ထားသည်။

## မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သမိုင်း

သမိုင်းမှတ်တမ်းများအရ ပုဂံခေတ်အနော်ရထာမင်းစော (အေဒီ-၁၀၄၄-၁၀၇၇)လက်ထက်ကပင် မီးကပ်တပ်သား ၆၆၃ ဦး(သောသောညံပုဂံမီးဆော်မောင်း)ခန့်ထားပြီး ပုဂံနေပြည်တော်၏မီးဘေးကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ရှေးခေတ်မြန်မာမင်းအဆက်ဆက် လက်ထက်တွင်လည်း မီးဘေးကာကွယ်ရေးအမိန့်ပြန်တမ်းများ ထုတ်ပြန်ပြီး နိုင်ငံတော်မီးဘေးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြသည့် အထောက်အထားများရှိသည်။ ပထမဦးဆုံးသော ရန်ကုန်မြူနီစီပယ်မီးသတ်ကို ၁၈၈၅ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ၁၉၃၂ ခုနှစ်တွင် ရန်ကုန်မြူနီစီပယ်အက်ဥပဒေအရ




စေတနာ့ဝန်ထမ်းမီးသတ်အဖွဲ့အစည်းကို စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်တွင် ပညာရေးနှင့်ဒေသန္တရအုပ်ချုပ်ရေးဌာန၏အမိန့်အရ မီးဘေးတားဆီးရေးနှင့်မီးဘေးကာကွယ်ရေးကိစ္စရပ်များကိုဆောင်ရွက်ရန် မီးသတ်ဌာနကို ဖွဲ့စည်းခဲ့သည်။ ၁၉၅၂ ခုနှစ် မတ်လ ၂၈ ရက်တွင် မီးသတ်ဝန်ထမ်းအက်ဥပဒေအမှတ်-၆ ပြဋ္ဌာန်းပြီး ပြည်ထဲရေးဝန်ကြီးဌာနခွဲ၊ နိုင်ငံတော်အစိုးရမီးသတ်ဌာနကို ဖွဲ့စည်းခဲ့သည်။ ၁၉၆၃ ခုနှစ် မီးသတ်တပ်ဖွဲ့ဥပဒေကို အသစ်ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည်။

## မီးသတ်တပ်ဖွဲ့သုံးမျိုးနှင့် လုပ်ငန်းစဉ်ကြီး(၇)ရပ်

မြန်မာနိုင်ငံတွင် မီးသတ်တပ်ဖွဲ့ကို အစိုးရမီးသတ်တပ်ဖွဲ့ဝင်များ (သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ)၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ သီးသန့်ဖွဲ့စည်းထားသော မီးသတ်တပ်ဖွဲ့ဝင်များ(မီးဘေး စိုးရိမ်ရသော စက်ရုံ/အလုပ်ရုံများ၊ စီးပွားရေးလုပ်ငန်းများအတွက် ဖွဲ့စည်းထားသောဝန်ထမ်းများ) ဟူ၍ သုံးမျိုးခွဲခြားထားသည်။ မီးသတ်ဦးစီးဌာနတွင် လုပ်ငန်းစဉ်ကြီး (၇)ရပ်ရှိသည်။ ၎င်းတို့မှာ-

၁။ မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းရည်(၄)ရပ်ဖြစ်သော မီးသတ်စွမ်းရည်၊ ရှာဖွေကယ်ဆယ်ရေးစွမ်းရည်၊ အုပ်ချုပ်မှုစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည်ထက်မြက်စေရန် မီးသတ်တပ်ဖွဲ့ဝင်တိုင်း၏ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်း၊

၂။ မီးသတ်စက်၊ ယာဉ်နှင့်ပစ္စည်းကိရိယာများ မွမ်းမံရေး၊ ကြံ့ခိုင်ရေး၊ အသင့်ရှိရေးလုပ်ငန်းနှင့်ရှာဖွေကယ်ဆယ်ရေးသုံးစက်၊ ယာဉ်၊ ပစ္စည်းကိရိယာများမွမ်းမံရေး၊ ကြံ့ခိုင်ရေးနှင့် အသင့်ရှိရေး လုပ်ငန်း၊

၃။ ပြည်သူလူထုအား မီးဘေးလုံခြုံရေး အသိပညာပေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်ရေး လုပ်ငန်း၊

၄။ အရန်နှင့်သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ တိုးချဲ့ဖွဲ့စည်းရေးနှင့် လေ့ကျင့်သင်တန်းပေးရေး လုပ်ငန်း၊

၅။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် နိုင်ငံတကာအဆင့်နှင့်အညီ ရင်ပေါင်တန်းဆောင်ရွက်နိုင်ရေးအတွက် ကွပ်ကဲမှုနည်းစနစ်များ၊ မီးသတ်ပညာရပ်များ၊ ရှာဖွေကယ်ဆယ်ရေးဆိုင်ရာပညာရပ်များအား အစဉ်အမြဲ သုတေသနပြုလုပ်ဖော်ထုတ်၍ တပ်ဖွဲ့ဝင်အားလုံး တတ်ကျွမ်းနားလည်စေရန် လေ့ကျင့်ပေးရေးလုပ်ငန်း၊

၆။ မီးသတ်တပ်ဖွဲ့ဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များအရ အပ်နှင်းထားသည့်လုပ်ပိုင်ခွင့်နှင့်တာဝန်များကိုအသုံးပြု၍ မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးအကြံပြုချက်များကို သက်ဆိုင်ရာ နိုင်ငံတော်ပိုင်/ပုဂ္ဂလိကပိုင်၊ ဌာန၊ အဖွဲ့အစည်း၊ လုပ်ငန်းများမှ တိကျစွာလိုက်နာဆောင်ရွက်စေရေးလုပ်ငန်း၊

၇။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များအား နိုင်ငံတော်၏ ခိုင်မာသောအရန်အင်အားဖြစ်စေရေးအတွက် လေ့ကျင့်ဖွဲ့စည်း၍ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းတို့ဖြစ်သည်။

## စွမ်းရည်မြင့်သင်တန်းကျောင်းများ

မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်အစဉ်အမြဲတိုးတက်နေစေရန်အတွက် မီးသတ်သင်တန်းကျောင်း(ရန်ကုန်)ကို ၁၉၅၂ ခုနှစ်မှစတင်၍ အလုံလမ်း ဒဂုံမြို့နယ် (ယခု ပြည်သူ့ရင်ပြင်)တည်ရှိရာ နေရာတွင် စတင်ဖွင့်လှစ်ခဲ့သည်။ ၁၉၆၃ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ ပြည်လမ်းနှင့်အလုံလမ်းထောင့်ရှိ (ယခုပြည်သူ့လွှတ်တော်)တည်ရှိရာနေရာတွင် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ ထို့နောက် ၁၉၆၉ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ မရမ်းကုန်းမြို့နယ် နာဂလိုဏ်ဂူကုန်းမြင့် (ယခုစွယ်တော်မြတ်စေတီ) တည်ထားကိုးကွယ်သည့်နေရာတွင် သင်တန်းကျောင်းပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး ၁၉၉၆ ခုနှစ်မှစတင်၍ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းနှင့် စွယ်တော်မြတ်စေတီလမ်းထောင့်ရှိ ယခုနေရာသို့ပြောင်းရွှေ့ခဲ့ပါသည်။ ထို့ပြင် အထက်မြန်မာပြည်တွင် အဆင့်မြင့်မီးသတ်သင်တန်းများသင်ကြားပို့ချရန် "အထက်မြန်မာပြည်အဆင့်မြင့် မီးသတ်သင်တန်းကျောင်း"ကို မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင် ရှင်တော်ကုန်းရေကြည်ကွင်းရှိ မြေကေ ၁၇၃ ဒသမ ၃၁ မြေနေရာတွင် ၁၉၉၇ ခုနှစ်တွင်စတင်ဆောက်လုပ်ခဲ့ပြီး ဗဟိုမီးသတ်သင်တန်းကျောင်း(Central Fire Services Training School)ဟု ခေါ်ဝေါ်သတ်မှတ်ပေးခဲ့သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏လမ်းညွှန်မှုအရ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သန္ဓေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များအား နိုင်ငံတော်၏အရန်အင်အားများအဖြစ် ဖွဲ့စည်းတည်ဆောက်လေ့ကျင့်ပေးရန်နှင့် အဆင့်မြင့်မီးသတ်သင်တန်းများ သင်ကြားပို့ချပေးသွားရန် ရေတံခွန်တောင်ဗဟိုမီးသတ်သင်တန်းကျောင်းအား မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မန္တလေး-ပြင်ဦးလွင်ကားလမ်း၏မြောက်ဘက် ၂ ဒသမ ၃ မိုင်ခန့်အကွာ ဇီးပင်ကြီးကျေးရွာအနီး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)နှင့် ရဲဗဟိုလေ့ကျင့်ရေးဌာနတို့နှင့် နယ်နိမိတ်ချင်းဆက်စပ်လျက် မြေကေ ၁၆၇၁ ရှိ မြေနေရာတွင် ဗဟိုမီးသတ်သင်တန်းကျောင်းကို ၁၉၉၈-၁၉၉၉ ဘဏ္ဍာနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၉ ခုနှစ် မေလ ၁၆ ရက်တွင် စတင်ဖွင့်လှစ်၍သင်တန်းများကို သင်ကြားလေ့ကျင့်ပေးနိုင်ခဲ့သည်။

## စွမ်းရည်သတ္တိဆိုင်ရာနှင့်စွမ်းဆောင်မှုဆိုင်ရာဘွဲ့ထူး၊ ဂုဏ်ထူးများရရှိခဲ့သော မီးသတ်တပ်ဖွဲ့ဝင်များ

ခေတ်အဆက်ဆက်တွင် မီးသတ်တပ်ဖွဲ့သည် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူလူထုအကျိုးအတွက် အသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စားမှုများနှင့် အကျိုးပြုနေကြသည်။ ထိုကဲ့သို့ စွန့်လွှတ်စွန့်စားပြီး စွမ်းစွမ်းတမံသယ်ပိုးဆောင်ရွက်ခဲ့ကြသည့်မီးသတ်တပ်ဖွဲ့ဝင်များကိုလည်း နိုင်ငံတော်မှ စွမ်းရည်သတ္တိဆိုင်ရာနှင့်စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ပေးအပ်လျက်ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စီးပွားဥစ္စာများကို မီးဘေးအန္တရာယ်နှင့် အခြားသောသဘာဝဘေးဆိုးများမှ ကာကွယ်စောင့်ရှောက်ပေးသောအဖွဲ့အစည်းတစ်ခုဖြစ်ရုံသာမက နိုင်ငံတော်၏လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေးအတွက် အဓိကကျသောအင်အားစုတစ်ခုလည်းဖြစ်သည်။ မီးသတ်တပ်ဖွဲ့ဝင်တိုင်းသည် မိမိတို့၏တာဝန်ကို အသက်နှင့်လဲလှယ်ကာ ထမ်းဆောင်နေကြသူများဖြစ်ပြီး သူတို့၏စွန့်လွှတ်အနစ်နာခံမှုမှာကြီးမားလှသည်။

နှစ်စဉ် မေလ ၅ ရက်တွင်ကျင်းပသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့သည် ထိုသူရဲကောင်းများ၏ ကျေးဇူးကို ပြန်လည်အမှတ်ရသည့်နေ့ဖြစ်သကဲ့သို့ ကျွန်ုပ်တို့ပြည်သူများအနေဖြင့် မီးဘေးကာကွယ်ရေးဆိုင်ရာအသိပညာများတိုးပွားလာစေရန်နှင့် တာဝန်ယူမှုရှိလာစေရန် သတိပေးသည့်နေ့လည်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မီးဘေးအန္တရာယ်ကာကွယ်ရေးသည် မီးသတ်တပ်ဖွဲ့တစ်ခုတည်း၏ တာဝန်မဟုတ်ဘဲ ပြည်သူတိုင်းပါဝင်ဆောင်ရွက်ရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သောကြောင့်ပင်ဖြစ်သည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့အားလုံးစုပေါင်း၍ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ကြိုးပမ်းအားထုတ်မှုများကို လေးစားဂုဏ်ပြုကြပါစို့။ တစ်ဦးချင်းစီအနေဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးစည်းမျဉ်းများကို လိုက်နာကျင့်သုံးကြပါစို့။ မီးသတ်တပ်ဖွဲ့ဝင်များ၏ အသက်အန္တရာယ်စွန့်ကာ ဆောင်ရွက်နေမှုများကို အလဟဿမဖြစ်စေဘဲ ဘေးအန္တရာယ်ကင်းရှင်းသောလူ့မှုအသိုင်းအဝိုင်းကို အတူတကွတည်ဆောက်သွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်ပြခန်းကို မေလ ၁၀ ရက်အထိ ဆက်လက်ဖွင့်လှစ်ပြသမည်

ရန်ကုန် မေ ၄

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်ပြခန်းကို ဧပြီလ ၃၀ ရက်တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်၌ စတင်ဖွင့်လှစ်ခဲ့ရာ စိတ်ပါဝင်စားသူပြည်သူများလာရောက်ကြည့်ရှုလေ့လာကြည်ညိုနိုင်ရန်အတွက် မေလ ၁၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဆက်လက်ဖွင့်လှစ်ပြသထားရှိမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

➜ ကျောဖုံးမှအဆက်

စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြဝတီ

# လုံခြုံရေးတပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

ဟားခါး မေ ၄

ချင်းပြည်နယ် လွှတ်တော်ရုံးတွင် လုံခြုံရေးဆောင်ရွက်ပေးနေသော တပ်ဖွဲ့ဝင်များအား ဆန်၊ ဆီနှင့်ကော်ဖီမစ် စသည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ဟားခါးမြို့ရှိ ပြည်နယ်လွှတ်တော်ရုံးရှေ့၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်ပွဲတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကောလ်လျန်ထန်း၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ပြည်နယ်လွှတ်တော်ရုံးတွင် လုံခြုံရေးဆောင်ရွက်ပေးနေသော တပ်ဖွဲ့ဝင်များကို ဆန်၊ ဆီနှင့်ကော်ဖီမစ်များပေးအပ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက် )



# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"PDF အမည်ခံအဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင်များနဲ့ အစိုးရသစ်ကြားမှာ ငြိမ်းချမ်းခြင်း နေ့သစ်တွေ မြင်တွေ့ရတော့မှာလား"** ခေါင်းစဉ်ဖြင့် ၆-၅-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၃-၅-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **" ပြည်သူ့ကာကွယ်ရေး ခေါင်းစဉ်အောက်က အကြမ်းဖက်များရှိနေသ၍ သာသနာ့ဘောင်မှ ရဟန်းသံဃာများ အကြောင်းမဲ့ အသက်ပေးနေရမည်လား"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ အရာထမ်းငယ်သင်တန်းအမှတ်စဉ်(၁၃၆)သင်တန်းဖွင့်လှစ်



ရန်ကုန် မေ ၄

အရာထမ်းငယ်သင်တန်းအမှတ်စဉ်(၁၃၆) ၏ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ကျင်းပရာ ပါမောက္ခချုပ် ဦးကျော်ထွေး၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ပညာဌာနများမှပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပါမောက္ခချုပ်က ယနေ့ ဖွင့်လှစ်သည့်သင်တန်းသည် နိုင်ငံ့တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများအား အမျိုးသားရေးအမြင်ရရှိရေးနှင့် စိတ်ဓာတ်ကြံ့ခိုင်မှုရှိစေရေးအတွက်လေ့ကျင့်ပျိုးထောင်ပေးရန်၊ သက်ဆိုင်ရာပညာရပ်များကို အခြေခံအားဖြင့် နားလည်သဘောပေါက်စေပြီး စည်းကမ်းနှင့်ကိုယ်ကျင့်သိက္ခာကိုစောင့်သိထိန်းသိမ်းတတ်သော ဝန်ထမ်းကောင်းများဖြစ်လာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်က ပေးအပ်သည့်တာဝန်များကို နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် ကျေပွန်အောင် ကြိုးစားထမ်းဆောင်သွားကြရန် လိုအပ်သလို သင်တန်းကာလအတွင်း တက္ကသိုလ်က ချမှတ်ထားသည့်သင်တန်းစည်းကမ်းများကို တိကျစွာလိုက်နာပြီး ကြိုးစားလေ့လာကြစေလိုကြောင်းတိုက်တွန်းမှာကြားသည်။

အရာထမ်းငယ်သင်တန်းအမှတ်စဉ်(၁၃၆)သို့ ဝန်ကြီးဌာနနှင့်အစိုးရအဖွဲ့အစည်းများမှ သင်တန်းသား ၁၈၇ ဦး၊ သင်တန်းသူ ၂၉၇ ဦး၊ စုစုပေါင်း ၄၈၄ ဦး တက်ရောက်ကြပြီးသင်တန်းကို မေလ ၄ ရက်မှ ဇူလိုင်လ ၁၀ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

● ရှေ့ဖုံးမှအဆက်

၂။ ၂၀၂၆ ခုနှစ်၊ မေလ (၁) ရက်နေ့မတိုင်မီကာလအတွင်း မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိနေကြသည့် အလုပ်သမားများတွင် ခွင့်ကာလ (၁) လအထက်ကျော်သူများ၊ OWIC တွင် ဖော်ပြထားသောနိုင်ငံနှင့် လုပ်ငန်းခွင်ကွဲလွဲသူများသည် ခွင့်ကာလတစ်လကျော်ယူရသည့် အကြောင်းပြချက်နှင့် အထောက်အထားခိုင်လုံစွာဖြင့် တင်ပြရပါမည်။

၃။ မြန်မာနိုင်ငံသားများ အလုပ်သွားရောက်လုပ်ကိုင်နေသောနိုင်ငံအများစုတွင် သတ်မှတ်ထားသော ခွင့်အမျိုးအစားများ အနက် မီးဖွားခွင့်၊ မိသားစုစောင့်ရှောက်ခွင့်၊ နာမကျန်းခွင့် စသည်တို့မှအပ နှစ်ပတ်လည်ခွင့်အပါအဝင် သာမန်ခွင့်များကို အများဆုံး (၁) လသာ ခွင့်ပြုထားသည်ဟု သိရှိထားရသဖြင့် အမှန်တကယ်ခွင့်တင်ပြရယူထားသော ခွင့်ပြန်အလုပ်သမားဖြစ်ကြောင်း သေချာစေရန် စိစစ်ရခြင်းဖြစ်ပြီး မြန်မာနိုင်ငံသားအလုပ်သမားများ အမှန်တကယ်အလုပ်လုပ်ကိုင်နေသော OWIC ပါ အလုပ်ရှင်နှင့် လုပ်ငန်းခွင်တို့တွင် အခက်အခဲတစ်စုံတစ်ရာကြုံတွေ့ရပါက သက်ဆိုင်ရာနိုင်ငံ၏ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရန်ရည်ရွယ်၍ လက်ရှိအလုပ်လုပ်နေသော အလုပ်ရှင်/လုပ်ငန်းခွင်အမှန်ကိုသိရှိနိုင်ရေး ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။

၄။ သို့ပါ၍ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်နေသည့် PJ စာအုပ်ကိုင်ဆောင်ထားသော မြန်မာနိုင်ငံသားများ ခွင့်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာပြီး ၎င်းတို့အလုပ်လုပ်ကိုင်ရာ သက်ဆိုင်ရာနိုင်ငံရှိ လုပ်ငန်းခွင်များသို့ အချိန်မီပြန်လည်ဝင်ရောက်နိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးမှုမရှိစေရေးအတွက် အထောက်အထားများကို မှန်ကန်ပြည့်စုံစွာ တင်ပြနိုင်သည့် လျှောက်လွှာများကို ရက်သတ္တပတ်တစ်ပတ်(ရုံးပိတ်ရက်အပါအဝင်) အတွင်း ပြည်ပထွက်ခွာခွင့်နှင့် OWIC အသစ်လဲလှယ်နိုင်ရေးတို့ကို စနစ်တကျနှင့် အမြန်ဆုံးစိစစ်ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

# မိတ္ထီလာမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID Biometric ကောက်ယူခြင်းလုပ်ငန်းများ နေ့ချင်းပြီးဆောင်ရွက်ပေး

မိတ္ထီလာ မေ ၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID Biometric ကောက်ယူခြင်းလုပ်ငန်းများ နေ့ချင်းပြီးဆောင်ရွက်နေမှုတာဝန်ရှိသူများက မေလ ၄ ရက် နံနက် ၁၀ နာရီအချိန်က လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးတွင် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊မန္တလေးတိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်မရှိသူ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ် ၁၀၂ ကတ်နှင့် UID CARD များအား အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

(၆၀၂)

**(၄-၅-၂၀၂၆) ရက်နေ့**
**ဓာတ်သတ္တု(ရွှေ)**
**ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)ကျပ်ဖြစ်**သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ၊ နည်းပြအုပ်ချုပ်သူများ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်သို့ သွားရောက်လေ့လာကြည့်ရှု








ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ၊ နည်းပြအုပ်ချုပ်သူများ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်တွင် လေ့လာကြည့်ရှုကြစဉ်။

**နေပြည်တော်  မေ ၄**

နွေရာသီ ကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသား/ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို ရေကြောင်းပညာနှင့် လေကြောင်းပညာဆိုင်ရာ ဗဟုသုတများ ရရှိတိုးပွားစေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သောအနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ် သင်တန်းများကို ဧပြီလ ၂၇ ရက်က သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့လေ့ကျင့်သင်ကြားလျက်ရှိသည့် ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့်တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများနှင့် နည်းပြ၊ အုပ်ချုပ်သူများသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီးသို့ ရောက်ရှိလေ့လာကြသည်။

ဦးစွာရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများနှင့် နည်းပြ၊ အုပ်ချုပ်သူများသည် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် ကမ္ဘည်းမော်ကွန်းကျောက်စာတိုင်အား လေ့လာဖတ်ရှုကြသည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများနှင့် နည်းပြ၊ အုပ်ချုပ်သူများသည် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အထူးပြပွဲတွင် ပထမသင်္ဂါယနာတင်မှ ဆဋ္ဌသင်္ဂါယနာတင်

**စာမျက်နှာ ၁၆ သို့** ❍

❍ **စာမျက်နှာ ၁၅ မှအဆက်**

အကြောင်းအရာများနှင့်ယနေ့ခေတ်သာသနာတော်ဆိုင်ရာဆောင်ရွက်ချက်များကိုပြကွက်(၁၀)ကွက်ဖြင့် ပြသထားရှိမှုများကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြည်ညိုကြရာ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ရန်ကုန်ဌာနခွဲ)မှ တာဝန်ရှိသူများက ပြခန်းကဏ္ဍအလိုက် ဗဟုသုတရရှိဖွယ် လိုက်လံရှင်းလင်းပြသကြပြီး သင်တန်းသား၊ သင်တန်းသူများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ယင်းနောက်အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာအဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဆေကိန္ဒက ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများအား ဗုဒ္ဓဆိုင်ရာအမေးအဖြေများပြုလုပ်ကာ ဆုံးမသြဝါဒစကားများပြောကြားသည်။

ထို့နောက်သင်တန်းသား၊ သင်တန်းသူများအား သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ဆဋ္ဌသင်္ဂါယနာတင်ရခြင်းသမိုင်းကြောင်းကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်မဟာမင်္ဂလာအခမ်းအနားကို ဧပြီလ ၃၀ ရက်မှ မေလ ၂ ရက်အထိ သုံးရက်တိုင်တိုင်ကျင်းပခဲ့ကြောင်းနှင့် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်ပြခန်းကို မေလ ၁၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသထားမည်ဖြစ်၍ ထေရဝါဒဗုဒ္ဓသာသနာတော်တည်တံ့ခိုင်မြဲစေရန် ခေတ်အဆက်ဆက် ပိုင်းဝန်းကြိုးပမ်းထိန်းသိမ်းစောင့်ရှောက်ခဲ့ပုံများကို ဗုဒ္ဓဘာသာဝင်ပြည်သူများအနေဖြင့် လေ့လာကြည့်ရှုကြည်ညိုသဒ္ဒါပွားများနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ယခုကဲ့သို့ လာရောက်လေ့လာကြသည့် ကျောင်းသား၊ ကျောင်းသူများ၏ စကားသံများကိုလည်း ယခုလိုပဲကြားသိရပါသည် -

"အခုလိုမျိုး ဒီမဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်းနဲ့ မြန်မာ့သမိုင်းနဲ့ ကမ္ဘာ့သမိုင်း၊ နောက် ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းအားလုံးရဲ့ သမိုင်းထဲမှာ အထင်ရှားဆုံးနဲ့ သမိုင်းမှတ်တိုင်စိုက်ထူခဲ့တဲ့နေရာ သို့မဟုတ် ဆဋ္ဌသင်္ဂါယနာလို့ခေါ်တဲ့ ကြီးကျယ်ခမ်းနားလှသော သံဃာများစုဝေးပြီး ဗုဒ္ဓမြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ တရားဓမ္မဒေသနာတော်များကို အစဉ်တစိုက်ပြန်လည်ရွတ်ဖတ်ပွားများပြီး ပြန်လည်မှတ်တမ်းတင်ခဲ့တဲ့ အခုလိုမျိုး အဆောက်အအုံကြီးကို လာရောက်လေ့လာခွင့်ရတဲ့အတွက် ဗုဒ္ဓ




ဘာသာဝင်တစ်ယောက်ဖြစ်တဲ့ ကျွန်တော့်မှာ ကြက်သီးထမိလောက်အောင်ကို ကျွန်တော် ပီတိခံစားမိရပါတယ်ခင်ဗျ။ ဒီမဟာပါသာဏလိုဏ်ဂူတော်ကြီးရဲ့ တည်ဆောက်ပုံနဲ့ ကျင်းပတဲ့ အခမ်းအနားတွေကို လေ့လာခွင့်ရတဲ့အခါမှာ ကျွန်တော်ဟာ အင်မတန်ကို အံ့သြမိပါတယ်။

အခုလို အစိုးရနဲ့ပြည်သူ အတူတကွပူးပေါင်းပြီး လက်တွဲညီညီနဲ့ ညီညာစွာ အတူတကွ တည်ထောင်ပြီး မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူအားလုံးရဲ့ ဗုဒ္ဓဘာသာ သို့မဟုတ် တစ်ကမ္ဘာလုံး ကမ္ဘာသားအားလုံးရဲ့ ဗုဒ္ဓဘာသာကို အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့ ဗုဒ္ဓသာသနာတော်ကြီးအပေါ် သက်ဝင်ကိုင်းရှိုင်းမှုတွေကို လေ့လာခွင့်ရရှိတဲ့အတွက် အင်မတန်မှကို ဂုဏ်ယူဝမ်းမြောက်မိပါတယ်ခင်ဗျ။ ကျွန်တော်တို့ လွန်ခဲ့တဲ့နှစ်ပေါင်း ၇၀ တုန်းက အကုန်စုပေါင်းပြီး တစုတစည်းတည်းနဲ့ ဆန္ဒတစ်ခုတည်းကို အကောင်အထည်ဖော်ခဲ့ကြတဲ့ အတွက် ယခုလိုမျိုး ဆဋ္ဌသင်္ဂါယနာတင်ခြင်းလို့ခေါ်တဲ့ ဗုဒ္ဓသာသနာတော်မှာ သာသနာ့ရောင်ဝါ အစဉ်ထွန်းပြောင်စေမယ့်လုပ်ရပ်ကြီးတစ်ခုကို လုပ်ဆောင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

နိုင်ငံတော်အကြီးအကဲတွေ အားလုံးဟာ အခုလို စုပေါင်းပြီးတော့ ပြန်လည်လုပ်ဆောင်နိုင်ခဲ့တဲ့အတွက် အခုလို ဗုဒ္ဓသာသနာတော်ဟာ နေလိုလလိုရောင်ဝါထွန်းလင်းတောက်ပနေတာဖြစ်တယ်လို့ ကျွန်တော် ယုံကြည်မိပါတယ်ခင်ဗျ။ အခုလိုမျိုး စည်းလုံးညီညွတ်မှုတွေကို လေ့လာခွင့်ရခဲ့တဲ့အတွက်ကျွန်တော်တို့ရေကြောင်းလူငယ်အချင်းချင်းမှာလည်း သင်တန်းသူ၊ သင်တန်းသားများအားလုံး အချင်းချင်းအတူတကွ စုပေါင်းညီညွတ် ဆောင်ရွက်ကြရမယ်၊ အဲဒီနောက်မှာမှ Goals လို့ခေါ်တဲ့ မိမိတို့ရည်မှန်းထားတဲ့ ရည်ရွယ်ချက်တစ်ခုကို အောင်မြင်အောင်လုပ်မယ်ဆိုရင်အတူတကွအစုအပေါင်းအားနဲ့သာရမှာဖြစ်တယ်ဆိုတဲ့အကြောင်းကို လေ့လာမိရပါတယ်ခင်ဗျ။

ဗုဒ္ဓဘာသာဆိုတာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ထဲမှာ မှီတင်းနေထိုင်ကြတဲ့ မြန်မာနိုင်ငံသားအများစုရဲ့ ကိုးကွယ်ရာ ဂုဏ်ထူးဝိသေသတွေနဲ့ပြည့်စုံတဲ့ ဘာသာတစ်ခုပဲဖြစ်ပါတယ်။ အခုလိုမျိုးမြန်မာနိုင်ငံနဲ့ မြန်မာလူမျိုးတွေအတွက် ရင်ထဲကနေ စွဲမြဲ







နေတဲ့ ဗုဒ္ဓဘာသာ၊ ဘာသာသာသနာအကျိုးကို သယ်ပိုးဆောင်ရွက်ဖို့ဟာ ပြည်ထောင်စုမြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံးရဲ့ တာဝန်ပဲဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အခုလို ရေကြောင်းလူငယ်သင်တန်းတက်ရောက်လာကြတဲ့ သင်တန်းသူ၊ သင်တန်းသားများအားလုံးအနေနဲ့ရော၊ ကျောင်းသားတစ်ယောက်အနေနဲ့ရော၊ လူငယ်မောင်မယ်တစ်ယောက်အနေနဲ့ရော အခုလို အမျိုး၊ ဘာသာ၊ သာသနာကို အသက်ထက်ဆုံးကာကွယ်စောင့်ရှောက်ရမယ်ဆိုတဲ့ စိတ်ဓာတ်တစ်ခုကို ကျွန်တော့်ရဲ့ အသည်းနှလုံးစိတ်ဓာတ်တစ်နေရာမှာ ထာဝစဉ်ကမ္ပည်းတင် မှတ်တမ်းထိုးလိုက်နိုင်တယ်လို့ ကျွန်တော် အခိုင်အမာပြောကြားလိုက်ပါတယ်ခင်ဗျ။

ကျွန်တော်တို့ကိုအသိပညာ၊အတတ်ပညာ၊ ဗဟုသုတတွေရရှိအောင် ကျွန်တော်တို့ကို အသစ်အသစ်သော ဒေသန္တရဗဟုသုတတွေ၊ အဲဒီနောက်မှာ လောကီလောကုတ္တရာနှစ်ဖြာသော ဗဟုသုတတွေကို သိရှိအောင်လို့ ကျွန်တော်တို့ကို အခုလို လေ့လာရေးခရီးတွေ၊ နောက် ထင်ရှားတဲ့ အထင်ကရနေရာတွေ၊ နောက် အခုလို သမိုင်းဝင်နေရာတွေဖြစ်တဲ့ ဒီဆဋ္ဌသင်္ဂါယနာတင်ခဲ့တဲ့ မဟာပါသာဏလိုဏ်ဂူတော်ကြီးနဲ့အတူ ကမ္ဘာအေးစေတီတော်မြတ်ကြီး စတဲ့နေရာတွေကို လေ့လာခွင့်ရရှိအောင် ဆောင်ရွက်ပေးခဲ့ကြတဲ့၊ အခုလို စီစဉ်ပေးခဲ့ကြတဲ့ နိုင်ငံတော်သမ္မတကြီးရော၊နောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့အတူ နိုင်ငံတော်အကြီးအကဲများ၊ တပ်မတော်အကြီးအကဲများ၊ တပ်မတော်အရာရှိကြီးများအားလုံးကို ဒီနေရာကနေပြီးတော့ ကျွန်တော် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်းနဲ့ အခုလိုမျိုး ဆက်လက်ပြီးတော့ ကျွန်တော့်ရဲ့ ညီငယ်၊ ညီမငယ်တွေအားလုံးကိုလည်း ဆောင်ရွက်ပေးနိုင်ပါစေလို့ မျှော်လင့်ရင်းနဲ့ ဆုတောင်းမေတ္တာပို့သလိုက်ရပါတယ်ခင်ဗျ"ဟုပြောသည်။

"သမီးအနေနဲ့ဆိုလို့ရှိရင်ပေါ့နော် အခြေခံရော တန်းမြင့်ရော ကျော်ဖြတ်ခဲ့ပြီးတော့မှ အကူနည်းပြအနေနဲ့လာရောက်ပြီး လုပ်ကိုင်နေတာဖြစ်ပါတယ်ရှင်။ ဒီမှာဆိုလို့ရှိရင် သမီးတို့တွေအနေနဲ့ တစ်နှစ်နဲ့တစ်နှစ်ဆိုလည်း လေ့လာရေးခရီးတွေက မတူညီဘူးပေါ့နော်။ အဲဒီတော့ အတွေ့အကြုံသစ်




တွေလည်း အများကြီးရတယ်။ ဒီပိဋကတ်စာပေတွေအကြောင်းလည်း အများကြီးလေ့လာခဲ့ရပါတယ်ရှင်၊ အဲမှာဆိုလို့ရှိရင် မူရင်းခဲနဲ့ရေးသားထားတဲ့ ပိဋကတ်တွေအကြောင်းလည်းသိရတယ်။ ကွန်ပျူတာနဲ့ ပြန်လည်ပြုပြင်ထားတဲ့ ပိဋကတ်တော်တွေနဲ့ ပြီးရင် ရွှေသုဝဏ်ဆရာတော်ကြီး ပြန်လည်ပြုစုထားတဲ့ပေါ့နော် ဒီပိဋကတ်အများကြီးအကြောင်းလည်း လေ့လာခဲ့ရပါတယ်ရှင်။

ဒီလို လေ့လာခွင့်ရရှိတဲ့အတွက်ပေါ့နော် ညီမတို့အနေနဲ့ဆိုလို့ရှိရင်လည်း ဒီဗုဒ္ဓဘာသာအသိတရားတွေ အများကြီးရရှိခဲ့ပါတယ်။ ပြီးရင် ဒီလိုမျိုးသာသနာပြန့်ပွားစေတဲ့နေရာတွေ လေ့လာရတဲ့အတွက် မျိုးချစ်စိတ်ဓာတ်၊ ဇာတိမာန်တွေလည်း အများကြီးတက်ကြွစေခဲ့ပါတယ်ရှင်။ ဒီလူငယ်တွေအနေနဲ့ပေါ့နော်၊ ဆရာတော်ကြီးတွေ ချမှတ်ထားတဲ့ ဆုံးမသြဝါဒတွေကို ခံယူပြီးတော့ ဘာသာသာသနာတွေ တိုးပွားစေမယ့်နေရာတွေကိုလည်း ပိုမိုပြီးတော့ လေ့လာသင့်တယ်။ ပြီးလို့ရှိရင် ကိုယ်တိုင်ကနေစပြီးတော့ ဒီဘာသာရေးကောင်းမွန်အောင်လို့ကြိုးစားပြီးတော့ ဒီပတ်ဝန်းကျင်မှာရှိတဲ့ လူငယ်တွေကိုလည်း ဖြည်းဖြည်းချင်းလက်ဆင့်ကမ်းသွားသင့်တယ်လို့ ထင်ပါတယ်ရှင်။

ညီမတို့ကလေးတွေအနေနဲ့ဆိုလို့ရှိရင် သင်တန်းမှာကတည်းက စည်းရုံးရေးမှာဆိုလို့ရှိရင် ပူးပေါင်းဆောင်ရွက်မှုနဲ့ အမိန့်နာခံတတ်ခြင်းဆိုတဲ့ဟာ သင်ကြားပေးပြီးသားဖြစ်ပါတယ်ရှင်။ အဲတော့ ကလေးတွေအကုန်လုံးမှာ စည်းကမ်းတကျနဲ့ လုပ်ဆောင်တတ်တဲ့ စွမ်းရည်ရှိပြီးသားဖြစ်တဲ့အတွက် ညီမတို့အနေနဲ့ကပေါ့နော် အခုဆိုလို့ရှိရင် မရောက်ဖူးတဲ့နေရာတွေလည်း ရောက်ရတယ်။ ဒီလို ဒေသန္တရဗဟုသုတတွေလည်း အများကြီးရတဲ့နေရာတွေ ပြသခွင့်ပေးတဲ့ လူကြီးတွေကို များစွာကျေးဇူးတင်ရှိရပါတယ်ရှင်"ဟုပြောသည်။

"ဆဋ္ဌသင်္ဂါယနာတင်ပွဲကျင်းပခဲ့တဲ့သမိုင်းဝင်လိုဏ်ဂူတော်ကြီးကို သမီးတို့လာရောက်လေ့လာရတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ ဒီပြခန်းကြီးမှာ မင်းကွန်းဆရာတော်ကြီးသုံးဆောင်ခဲ့တဲ့ အသုံးအဆောင်တွေကို သဘောကျပါတယ်။ ပြီးတော့ ဒီလိုကြီးမားတဲ့ လိုဏ်ဂူတော်ကြီးနဲ့ သင်္ဂါယနာတင်ပွဲကြီးကို အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့တဲ့ ရှေးလူကြီးတွေရဲ့ စည်းလုံးညီညွတ်မှု၊ ဖွဲ့လုံ့လရှိမှုတွေကို စိတ်ဝင်တစားနဲ့ လေ့လာရပါတယ်။ အခုလေ့လာရေးကနေရတဲ့ ဗဟုသုတတွေကနေ တစ်ဆင့် သမီးတို့ရဲ့ မြန်မာ့ယဉ်ကျေးမှုနဲ့ ဘာသာသာသနာကို နောင်တစ်ချိန်မှာ သမီးက လူငယ်တစ်ယောက်အနေနဲ့ ဆက်လက်ထိန်းသိမ်းသွားရမှာဖြစ်ပါတယ်။ လာရောက်လေ့လာရတဲ့အတွက်လည်း ဝမ်းသာမိပါတယ်"ဟုပြောသည်။

"ကျွန်တော်တို့ကိုယ်တိုင် ဒီလို သာသနာ့နယ်မြေထဲကို လာရောက်လေ့လာခွင့်ရတဲ့အတွက် အရမ်းအရမ်းကို ဂုဏ်ယူမိပြီးတော့ ပျော်ရွှင်ဝမ်းသာမိပါတယ်ခင်ဗျ။ ကျွန်တော်တို့ကိုယ်တိုင်ကလည်း ဒီလို လေ့လာခွင့်ရတဲ့အတွက် အရမ်းအရမ်းကို ကျေးဇူးတင်မိပါတယ်ခင်ဗျ။ ကျွန်တော်တို့ မဟာပါသာဏလိုဏ်ဂူတော်ကြီးထဲမှာ မြင်တွေ့ခဲ့ရတဲ့ မြင်ကွင်းများကိုတွေ့ရပြီး မင်းကွန်းဆရာတော်ဘုရားကြီးနဲ့ သီဟိုဠ်ဆရာတော်ဘုရားကြီးတို့ ဓမ္မဆိုင်ရာ၊ သာသနာဆိုင်ရာမေးခွန်းများကို ပြန်လည်မေးထုတ်နေကြတဲ့ မြင်ကွင်းများကို တွေ့ရပြီး အရမ်းအရမ်းကို ဂုဏ်ယူဝမ်းသာမိပါတယ်ခင်ဗျ။ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲကြီး နှစ် (၇၀)ပြည့် အခမ်းအနားကို လာရောက်လေ့လာခွင့်ရတဲ့အတွက် ကျွန်တော်တို့အရမ်းကို ကျေးဇူးတင်မိပြီး ဂုဏ်ယူမိပါတယ်ခင်ဗျ။ ကျွန်တော်တို့ လေကြောင်းလူငယ်တွေအနေနဲ့ဆိုတာ ဆက်လက်ပြီး ထိန်းသိမ်းနိုင်အောင် ကြိုးစားပါ့မယ်ခင်ဗျ။ ခေတ်အဆက်ဆက်ဆောင်ရွက်ပေးခဲ့တဲ့ ရှေးလူကြီးတွေ၊ သမ္မတကြီးတွေကိုလည်း ကျွန်တော်တို့ ကျေးဇူးအများကြီးတင်မိပါတယ်ခင်ဗျ။ ကျွန်တော်တို့ကိုယ်တိုင်လည်း ဒီယဉ်ကျေးမှုအမွေအနှစ်တွေ ပျက်မသွားရအောင် ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်ခင်ဗျ။ ကျွန်တော်တို့ကိုယ်တိုင် ကျရာကဏ္ဍကနေ တာဝန်ထမ်းဆောင်ပြီးတော့ ညီငယ်၊ ညီမငယ်လေးတွေ၊ လူငယ်လေးတွေ၊ မျိုးဆက်သစ်တွေကို ကျွန်တော်တို့ထိန်းသိမ်းနိုင်အောင် လက်ဆင့်ကမ်းသွားပါ့မယ်ခင်ဗျ"ဟု ပြောကြားခဲ့ကြောင်းသိရသည်။

(၁၀၀)

## ထူးခြားသည့် နေ့အပူချိန်များ

၄-၅-၂၀၂၆

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| မြဝတီ | ၄၁ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် | ဘားအံ | ၄၀ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| ရွှေကျင် | ၄၁ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် | ချောက် | ၄၀ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| ပဲခူး | ၄၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | သိမ်ဇရပ် | ၄၀ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| သာယာဝတီ | ၄၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | ကြို့ပင်ကောက် | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ကော့ကရိတ် | ၄၀ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် | အောင်လံ | ၄၀ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |

# ၂၀၂၆ ခုနှစ်၊ ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများအလိုက် ဆက်လက်လေ့ကျင့်သင်ကြား





ရေကြောင်းလူငယ်အခြေခံသင်တန်းများနှင့်တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ လေ့ကျင့်သင်ကြားနေမှုကိုတွေ့ရစဉ်။





လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့်တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ လေ့ကျင့်သင်ကြားနေမှုကိုတွေ့ရစဉ်။



လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့်တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ လေ့ကျင့်သင်ကြားနေမှုကိုတွေ့ရစဉ်။



နေပြည်တော် မေ ၄

ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းဖွင့်ပွဲ များကို ဧပြီလ ၂၇ ရက်တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် အခြေခံစစ်ရေးပြ၊ တပ်မတော်(ရေ) သမိုင်းဘာသာရပ်နှင့် ရေကြောင်းလမ်းညွှန်ဘာသာရပ်၊ နက္ခတ္တဗေဒသင်ခန်းစာ၊ ညွှန်းထောင့်နှင့် Compass သင်ခန်းစာများကို **နေပြည်တော်**ကောင်စီနယ်မြေရှိ နေပြည်တော်စခန်းတန်းခွဲ (၁)ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၄၅ ဦး၊ နေပြည်တော်စခန်းတန်းခွဲ(၂) ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၅၀ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၊ **ရန်ကုန်မြို့**ရှိ အင်းယားရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၁၀၀ ဦး၊ **ကိုကိုးကျွန်းမြို့**ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၃၅ ဦး၊ ကရင်ပြည်နယ်၊ **ဘားအံမြို့**ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၁၂၀ ဦး၊ ရှမ်းပြည်နယ်၊ **ကျိုင်းတုံမြို့**ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၆၀ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၊ **ဟိုင်းကြီးကျွန်းမြို့**ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၅၀ ဦး၊ **ပုသိမ်မြို့**ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၆၅ ဦး၊ မွန်ပြည်နယ်၊ **မော်လမြိုင်မြို့**ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၆၀ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၊ **ဟိန်းဇဲ**ဒေသရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၄၀ ဦး၊ **မြိတ်မြို့**ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၅၀ ဦး၊ **ကျွန်းစုမြို့**ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၅၀ ဦးနှင့် မန္တလေးတိုင်းဒေသကြီး၊ **မန္တလေးမြို့**ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၇၅ ဦးတို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး တပ်မတော်(ရေ) ရေကြောင်းလူငယ်သင်တန်းစခန်း ၁၃ ခု၌ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၈၀၀ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အလားတူ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၉) သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၂၀ ခုတွင် စုစုပေါင်း သင်တန်းသား ၁၀၄၄ ဦးဖြင့် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့မှစတင်၍ ဖွင့်လှစ်လျက်ရှိရာ **ပြည်မြို့**ရှိ ပြည်သင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ် သင်တန်းသား ၅၄ ဦးအား လည်းကောင်း၊ **မော်လမြိုင်မြို့**ရှိ မော်လမြိုင်သင်တန်းစခန်းမှအခြေခံလေကြောင်း လူငယ်သင်တန်းသား ၅၀ ဦးအားလည်းကောင်း၊ **တောင်ကြီးမြို့**ရှိတောင်ကြီးသင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၆၀ ဦးအား လည်းကောင်း၊ **မကွေးမြို့**ရှိ မကွေးသင်တန်းစခန်းမှအခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၀ ဦး အားလည်းကောင်း၊ **ဟုမ္မလင်းမြို့**ရှိ ဟုမ္မလင်း သင်တန်းစခန်းမှအခြေခံလေကြောင်း လူငယ်သင်တန်းသား ၅၀ ဦးအားလည်းကောင်း၊ **နေပြည်တော်မြို့**ရှိ နေပြည်တော်သင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ် သင်တန်းသား ၆၅ ဦးအားလည်းကောင်း၊ **ကျိုင်းတုံမြို့**ရှိ ကျိုင်းတုံသင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား၅၀ဦးအားလည်းကောင်း အခြေခံစစ်ရေးပြဘာသာရပ်၊ လေကြောင်းလူငယ် သမိုင်းဘာသာရပ်၊ လေကြောင်းပညာ သမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရားဘာသာရပ်၊ လေကြောင်းဆိုင်ရာ အခြေခံဗဟုသုတများဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ဓာတိသွေးဓာတိမာန်ဘာသာရပ်၊ RC လေယာဉ်/ရဟတ်ယာဉ် မောင်းနှင်ခြင်းဘာသာရပ်၊ RC Simulator နှင့် Flight Simulator မောင်းနှင်ခြင်းဘာသာရပ်များကို တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး ကျန်သင်တန်း စခန်းအသီးသီးတွင်လည်း ဆက်လက်လေ့ကျင့်သင်ကြားပို့ချပေးလျက်ရှိကြောင်း သတင်းရရှိသည်။(၁၀၀)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Vice President U Nyo Saw receives Pakistani Ambassador to Myanmar H.E. Mr. Tariq Karim

NAY PYI TAW May 4

Vice President of the Republic of the Union of Myanmar U Nyo Saw received Pakistani Ambassador to Myanmar H.E. Mr. Tariq Karim at the parlour of the President Office in Nay Pyi Taw this afternoon.

During the call, they frankly discussed strengthening of diplomatic relations and friendship, promotion of trade and investment, cooperation in human resources development and collaboration for development of tourism.

Also present together with Vice President U Nyo Saw were deputy ministers U Khin Latt and U Ko Ko Kyaw and officials and the ambassador was accompanied by officials. **100**



Vice President of the Republic of the Union of Myanmar U Nyo Saw shakes hands with Pakistani Ambassador to Myanmar H.E. Mr. Tariq Karim.

# Vice President Daw Nan Ni Ni Aye receives Ambassador of Pakistan to Myanmar H.E. Mr. Tariq Karim



Vice President Daw Nan Ni Ni Aye receives Ambassador of Pakistan to Myanmar H.E. Mr. Tariq Karim.

NAY PYI TAW May 4

Vice President of the Republic of the Union of Myanmar Daw Nan Ni Ni Aye received Ambassador of Pakistan to Myanmar H.E. Mr. Tariq Karim at the parlour of the President Office in Nay Pyi Taw this afternoon.

During the meeting, they cordially and frankly exchanged views on further strengthening the friendship between Myanmar and Pakistan, matters regarding cooperation in education and the development of the women's sector, the holding of medical symposiums, the exchange of clinical experiences, and the promotion of collaboration in medical research.

The Vice President was accompanied by Deputy Minister for Foreign Affairs U Naing Min Kyaw and other officials, while the Ambassador of Pakistan to Myanmar was also accompanied by relevant officials. **100**

# Winter chickpea harvested in Monywa Township

MONYWA May 4

Statistics of Monywa Township Agriculture Department mentioned that all plantations of chickpea has been harvested in Monywa Township of Sagaing Region.

During the winter crop season, chickpeas were cultivated on up to 16,502 acres in Monywa Township. Harvesting of these chickpea fields, which began in January of this year, has now been completed 100 percent. It was reported that the yield reached 16.63 baskets per acre.

It was learned that for chickpea cultivation in Monywa Township, the varieties Yezin-8 and Yezin-11, which are suitable for the region and offer good yields, were selected. The cost of cultivating one acre of chickpeas is said to exceed Ks-300,000.

During the winter crop season, when various pulses are grown, collaborative efforts with farmers are ongoing to provide necessary quality seeds, fertilizers, and post-harvest technologies to ensure good yield and quality. Moreover, awareness and training activities are being conducted to encourage the use of beneficial fungi such as Trichoderma during pulse cultivation, with outreach being carried out through lead farmers.

Sagaing Region is the largest producer of pulses in terms of cultivated area nationwide. Not only are pulses grown as a primary crop, but due to the possibility of double cropping, many farmers are growing them as a major source of income. **SMK**

# Winter peanut harvested in Mawlaik Township

MAWLAIK May 4

All sown acreage of winter peanut has been harvested in Mawlaik Township of Sagaing Region, according to Mawlaik District Agriculture Department.

Local farmers planted 3,989 acres of winter peanut in the township. So far, they have harvested all plantations of peanut, yielding 78.07 baskets per acre.


During the winter crop cultivation season in Mawlaik Township, a total of 3,989 acres of peanuts have been cultivated. At present, harvesting is underway on all of these acres. Efforts are being made to fully meet the targeted cultivation acreage. In terms of oilseed crops, the results are considered successful. Peanut cultivation has shown year-on-year improvement, according to Daw Kywe Kywe Hlaing, Head of the Mawlaik District Department of Agriculture.

In Mawlaik Township, about one and a half baskets of seed are used per acre for groundnut cultivation. The cost of cultivation per acre — including seed costs, labour charge, fertilizers, and pesticides — amounts to over Ks-200,000. Yields of over 50 baskets per acre have been reported.


To ensure the success of the groundnut farms in Mawlaik Township — preventing pest and disease outbreaks and keeping the fields free of weeds — staff from the Township Department of Agriculture have been conducting field inspections and recording monitoring data. **SK**

# Individuals involved in online scam and gambling operations arrested along with buildings and related equipment in Mongpan Township, Shan State (South)


Scene showing Chinese male nationals arrested for involvement in online scam and gambling activities.


Documentary photo of seized workshops.


Documentary photo of computers that were burned and destroyed.


Documentary photo of seized all-in-one computer.


Documentary photo of seized generators.


Documentary photo of seized workshops.

NAY PYI TAW May 4

The Myanmar government has been prioritizing efforts to combat online fraud and illegal online gambling—crimes that pose global threats—as a national responsibility. To prevent such activities from taking root within the country, authorities are actively cooperating with domestic forces as well as neighbouring governments.

Acting on information provided by local residents who oppose such illegal activities, joint security forces carried out inspections and investigations this morning in Mongpan Township. During the operation, they discovered buildings used for illegal online scam and gambling activities approximately 2,000 meters east of the Kengtawng–Mongpan road, north of Mongpan. Inside the buildings, they found burned and destroyed computers, along with three workshops (250 feet long and 30 feet wide), eight residential huts (100 feet long and 30 feet wide), one all-in-one computer, 12 laptops, four Starlink devices, three large power stations, one small power station, a 200 kV generator, a 150 kV generator, and other related equipment, all of which were seized.

Continuing their operations, security forces arrested one Wa ethnic man, two Shan ethnic women, and one Lahu ethnic woman in the evening near the Kengtawng–Mongpan road, about 14,000 meters north of Mongpan. Additionally, about 6,000 meters northeast of that location, they apprehended 52 Chinese male nationals involved in online scam and gambling activities. In total, 56 suspects were arrested.

Authorities stated that after completing necessary investigations, the suspects will face effective and strict legal action in accordance with existing laws. The seized equipment will also be handled in line with established procedures.

The government reaffirmed that it will continue working closely with neighbouring countries, regional partners, and international organizations to eliminate online scam and gambling operations and prevent them from operating within Myanmar.

**100**

# Danubyu Township supplies Pakhan strain of paddy to Yangon market

DANUBYU May 4

A large quantity of Pakan paddy was successfully shipped to Yangon market said Daw Thet Thet, the owner of rice and paddy trading in Danubyu Township.

Up to 75,000 baskets of Pakan paddy were sent to the Yangon market from Danubyu Township.

"In the past month, a significant amount of Pakan paddy has been sold from this region. The Pakan paddy shipped from Danubyu Township to the Yangon market is of high quality. Due to strong demand from buyers in the Yangon market, the volume of paddy exports has increased. Currently, paddy prices are also high. In the domestic rice and paddy market, Pakan paddy is in high demand," said Daw Thet Thet.

In the past month, the price of Pakan paddy from Danubyu Township to the Yangon market fetched Ks-1.78 million per 100 baskets. Due to the increased sales of this paddy strain, farmers, traders, cargo workers, and truck rental business owners in production chain have benefited from employment opportunities.

**SK**

# Iranians moved tons of bricks by hand to recover Torah scrolls – Jewish community member

TEHRAN May 4

Iranian rescue workers dug through debris by hand to recover religious artifacts from a Tehran synagogue damaged by an Israeli strike last month, Marjan Yeshayayi, a member of the local Jewish community, has told RT.

In an exclusive interview broadcast on Monday, she described her dismay at seeing the site reduced to ruins, with holy Torah scrolls buried under the rubble. She said she had asked rescue workers not to use machinery in order to preserve the scriptures.

"When I made the request, I did not believe they would accept it, but instead they said, 'OK, we will remove it manually,' and they really did. Each brick was removed by hand, and the scrolls came out safely and were handed over to the Jewish association," Yeshayayi recalled.

According to Yeshayayi, the Iranian state protects the rights of the Jewish minority. Under the country's constitution, Jews are allowed to practice their religion freely, including maintaining synagogues and holding services. Roughly 8,000 Jews live in Iran and worship in dozens of synagogues.

The Rafi Niya synagogue, located near Palestine Square in central Tehran, was heavily damaged when a nearby residential building was struck by Israeli fighter jets. The Israel Defence Forces (IDF) later acknowledged the strike, saying it had targeted a senior Iranian commander, and expressed regret over "collateral damage" to the synagogue.

Yeshayayi said three of her friends died in the strike, describing her sadness and anger at the attack.

**RT**

# Trump ditched plan to send Tomahawks to Germany – Merz



WASHINGTON May 4

Chancellor Friedrich Merz has confirmed that the US will not station Tomahawk long-range cruise missiles in Germany in the foreseeable future. He insisted that the suspension had nothing to do with his row with President Donald Trump but was rather caused by inadequate stockpiles.

Merz made the remarks in an interview with ARD on Sunday, saying that the promise given by then-President Joe Biden will be left unfulfilled.

"The Americans themselves don't currently have enough," Merz said, adding that there was "hardly any way" for Washington to transfer the systems at present. At the same time, he noted that it is "not too late" for the deployment.

The original plan was announced in July 2024 by Biden and then-Chancellor Olaf Scholz. A joint statement said that the US would begin "episodic deployments" of long-range fires from its Multi-Domain Task Force in Germany in 2026, including SM-6 missiles, Tomahawks, and developmental hypersonic weapons, with a view to long-term stationing.Merz insisted that the U-turn was not related to his criticism of Trump, including remarks in which he said that Washington "obviously has no strategy" in the Iran war and that the US "is being humiliated by the Iranian leadership." At the time, Trump fired back, claiming Merz "doesn't know what he's talking about" and advising him to focus on "fixing his broken Country."As the row intensified, the Pentagon announced the withdrawal of around 5,000 US troops from Germany, with Trump suggesting the number could be even higher.

At the same time, the US is indeed struggling with depleting stockpiles. In late March, CBS News reported, citing sources, that the US had used more than 850 Tomahawks in the Iran conflict, roughly nine times the Pentagon's average annual procurement rate.

The Tomahawk is a long-range cruise missile launched mainly from ships and submarines. The US Navy says Block IV and V versions can fly about 900 nautical miles, or 1,600 kilometers, and carry a 1,000-pound-class (450kg) conventional warhead.

**RT**

# EU faces security collapse if US cuts military presence - Reports

MOSCOW May 4

The European Union could face a security collapse for years to come if the US continues to spontaneously reduce its military presence in Europe, media reported citing military officials.

On Saturday night, Pentagon spokesman Sean Parnell confirmed to Sputnik the department's decision to withdraw 5,000 American troops from Germany within 6-12 months. On Sunday, the media reported that the US would also reconsider its decision to station a battalion with long-range weapons in Germany.

If US President Donald Trump spontaneously withdraws other defense assets, it could lead to major and dangerous failures in the system of European security for years to come, the newspaper's sources said.

According to the publication, concerns in Europe have grown even greater that Washington would withdraw its weapons faster than Europeans could develop alternatives. According to the newspaper's sources, the Pentagon refused to provide NATO with a detailed schedule for the planned withdrawal of other defense assets from Europe, including air and missile defense systems and satellite reconnaissance data.

European countries have a number of cruise and ballistic missile projects, but many are "stuck" in the early design stages, the newspaper recalled.

Citing German officials, the newspaper also noted that NATO leaders would continue discussing how to prevent security failures at the July summit in Ankara.

**Sputnik**

# Death toll rises to 8 in mine collapse in Russia's Far East

MOSCOW May 4

Eight people have been confirmed dead after a coal mine collapse in Russia's Magadan region in the Far East, local authorities said Monday.

Magadan Region Governor Sergey Nosov said that four additional bodies were recovered during debris clearance at the Kadykchansky coal mine, bringing the death toll to eight.

The rescue operation lasted for days, clearing more than 15,500 cubic meters of rock, Nosov said.

The collapse occurred on Thursday, trapping eight workers. Rescuers had recovered four bodies from the rubble by Sunday, Russia's Emergency Situations Ministry said.

**Xinhua**



# At least two dead after car ploughs into crowd in Germany

BERLIN May 4

At least two people have been killed and several others injured after a car drove into a crowd in the eastern German city of Leipzig, local media reported on Monday.

The incident reportedly took place on Grimmaische Strasse, a central shopping street linking key landmarks with the city's market square.

**RT**

# Commander-in-Chief of Defence Services General Ye Win Oo receives a delegation led by Chief of the Naval Staff (CNS)of Indian Navy Admiral Dinesh Kumar Tripathi

NAY PYI TAW May 4

Commander-in-Chief of Defence Services General Ye Win Oo received a delegation led by Chief of the Naval Staff (CNS) of Indian Navy Admiral Dinesh Kumar Tripathi at the parlour of Zeyathiri Villa, Nay Pyi Taw this evening.

Also present at the call together with the Commander-in-Chief of Defence Services were Commander-in-Chief (Navy) Admiral Htein Win, Chief of General Staff (Army, Navy and Air) Lt-Gen Ko Ko Oo, and senior military officers from the Office of the Commander-in-Chief. The Indian CNS was accompanied by Ambassador of India to Myanmar H.E. Mr. Abhay Thakur, Military Attache (Army) Colonel Jaswinder Singh Gill, Military Attache (Navy) Captain Manoj Kumar Pandey and officials.

At the call, cordial talks were centred on further promotion of friendly relations and cooperation between the leaders of the two countries and the armed forces of both countries, establishment of strong and close ties through the exchange of visits between the two countries and two militaries, exchange of level-wise friendly visits and cultural troupes and sports teams between the two militaries, maritime trade, scholarship programs, joint military drills to enhance capability of the navies of both countries, strengthening of peace and stability in border areas, security cooperation to free border areas from terrorist insurgents,and the completion of a free and fair election in Myanmar and the coming into being of a representative government that will observe the five principles of peaceful co-existence in its relations with neighbouring countries and will serve the regional interest in tandem with them. After the meeting, commemorative gifts were exchanged. 100



Commander-in-Chief of Defence Services General Ye Win Oo receives a delegation led by Chief of the Naval Staff (CNS) of Indian Navy Admiral Dinesh Kumar Tripathi.

# Farmers finish harvest of more than 3,000 acres of lima bean in Pwintbyu Township

PWINTBYU May 4

According to the Pwintbyu Township Department of Agriculture, a total of 3,042 acres of winter lima bean planted during the winter cultivation season, have been harvested in Pwintbyu Township, Magway Region.

In Pwintbyu Township, a total of 9,706 acres of lima bean were cultivated during the winter growing season. Local farmers began harvesting in the fourth week of January this year, and as of today, 3,042 acres have been completely harvested.

"In the winter cropping season, local farmers planted 9,706 acres of lima bean were cultivated in Pwintbyu Township. They have been harvesting these crops since January, and as of today, 3,042 acres have been completely harvested, yielding 24.12 baskets per acre. To prevent a decline in yield rates, farmers are being educated on systematic harvesting methods and proper storage techniques. Due to the strong market demand and favourable prices for peanuts, local farmers engage in commercial cultivation during the winter cropping season," said Daw Moe Moe Wai, the head of the Pwintbyu Township Department of Agriculture.

During the winter cropping season, the Pwintbyu Township Department of Agriculture has been supporting lima bean farmers to enhance their crop productivity. This includes selecting high-quality and locally suitable seeds, ensuring protection against pests and diseases, using fertilizers systematically, and following proper harvesting techniques in a timely manner.

It is noted that if sown acreage of lima bean cultivation is expanded annually with good yield outcomes, it will not only ensure local food security but also create surplus for sale, contributing to the socio-economic development of farmers. Therefore, officials encourage farmers to expand cultivation of lima bean in different regions, said Daw Moe Moe Wai, the head of the Pwintbyu Township Department of Agriculture. SMK

# Farmers harvest more than 7,000 acres of maize and sweet corns in Myinmu Township

MYINMU May 4

According to records from the Sagaing District Agriculture Department, a total of 7,932 acres of maize and sweet corn cultivated during the winter cropping season have now been fully harvested in Myinmu Township, Sagaing District, Sagaing Region.

During the winter cropping season in Myinmu Township, a total of 7,932 acres of maize and sweet corn were planted. The harvesting process began in January of this year, and as of today, 2,177 acres of maize have been harvested, yielding an average of 52.73 baskets per acre, while 5,755 acres of sweet corn have been harvested, producing over 27,000 ears of corn.

"Myinmu Township had a total of 7,932 acres of maize cultivation, including sweet corn. As of now, 100 percent of the cultivated area has been harvested. To ensure successful maize production, we provided farmers with educational training and took measures to prevent pest and disease infestations," said Daw Thida Lwin, the head of the Sagaing District Agriculture Department.

The Myinmu Township Agriculture Department provided training sessions, demonstration programs, and guidance on pest prevention, including integrated crop protection methods. Farmers were also educated on the use of neem-based pesticides and organic treatments like ginger and chili extracts for pest control.

In terms of yield and costs, seed-producing maize in Myinmu Township produces over 50 baskets per acre, with a cultivation cost of around Ks-500,000 per acre. Sweet corn yields approximately 15,000 ears per acre, with a cultivation cost exceeding Ks-500,000 per acre. SK

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ၊ ပစ္စည်းများနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများအား ဖမ်းဆီးရမိ



အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သတ်ခဲ့သည့် တရုတ်နိုင်ငံသား အမျိုးသားများကို တွေ့မြင်ရစဉ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများနှင့်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများနှင့် ပစ္စည်းများဖမ်းဆီးရမိသည့် နေရာပြပုံ။




**နေပြည်တော် မေ ၄**

မြန်မာနိုင်ငံအစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ အဆိုပါဒုစရိုက်မှု နှိမ်နင်းရေးလုပ်ငန်းများကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို လက်ခံနိုင်ခြင်းမရှိသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုများနှင့်အတူ လုံခြုံရေးပူးပေါင်းအဖွဲ့များက အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ ဝင်ရောက်အခြေပြုနေထိုင်ခြင်းမရှိစေရန်အတွက် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မြို့နယ်အတွင်း လိုအပ်သည့်စုံစမ်းစစ်ဆေးခြင်းနှင့်ရှာဖွေဖော်ထုတ်ခြင်းများကို လုပ်ဆောင်စဉ် မိုင်းပန်မြို့၏ မြောက်ဘက် ကျိုင်းတောင်း-မိုင်းပန်သွားကားလမ်း၏ အရှေ့ဘက်မီတာ ၂၀၀၀ ခန့်အကွာ၌ တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်အဆောက်အအုံများအတွင်း မီးရှို့ဖျက်ဆီးထားသည့် ကွန်ပျူတာများ၊ လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုခဲ့သည့်အလျား ၂၅၀ ပေ အနံ ၃၀ ပေရှိ(သွပ်မိုး၊ သွပ်ကာ) အလုပ်ရုံ ၃ ရုံ၊ အလျား ၁၀၀ ပေ အနံ ၃၀ ပေရှိလူနေတဲ ၈ လုံး၊ All In One ၁ လုံး၊ Laptop ၁၂ လုံး၊ Starlink ၄ လုံး၊ ပါဝါစတေရှင်(အကြီး) ၃ လုံး၊ ပါဝါစတေရှင်(အသေး)၁လုံး၊ 200 KV မီးစက်(အကြီး)၁လုံး၊ 150 KV မီးစက်(အကြီး) ၁ လုံးနှင့်ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် နယ်မြေလုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည်ရှာဖွေဖော်ထုတ်မှုများ ဆက်လက်ဆောင်ရွက်ရာ မွန်းလွဲပိုင်းတွင် မိုင်းပန်မြို့၏မြောက်ဘက် မီတာ ၁၄၀၀၀ ခန့်အကွာ ကျိုင်းတောင်း-မိုင်းပန်သွားကားလမ်းအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ "ဝ" လူမျိုးအမျိုးသား ၁ ဦး၊ ရှမ်းလူမျိုးအမျိုးသမီး ၂ ဦး၊ လားဟူလူမျိုး အမျိုးသမီး ၁ ဦးတို့အား ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး ညနေပိုင်း၌ ၎င်းနေရာ၏ အရှေ့မြောက်ဘက်မီတာ ၆၀၀၀ ခန့်အကွာတွင်လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၅၂ ဦး တို့အား ထပ်မံဖမ်းဆီးရမိခဲ့သောကြောင့် တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ စုစုပေါင်း ၅၆ ဦးတို့အား ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်လျက်ရှိသည့်ဖမ်းဆီးရမိသူများအား လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများပပျောက်စေရေးနှင့်မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

မိုင်းပန်မြို့နယ်အတွင်း တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်သိမ်းဆည်းရမိအဆောက်အအုံများနှင့် လုပ်ငန်းသုံးပစ္စည်းများအား တွေ့မြင်ရစဉ်။



သိမ်းဆည်းရမိ လူနေတဲများကိုတွေ့ရစဉ်။



သိမ်းဆည်းရမိ ရေခဲသေတ္တာ Frezeer များကို တွေ့ရစဉ်။



သိမ်းဆည်းရမိ Laptop နှင့်ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။



သိမ်းဆည်းရမိ Power Station များကိုတွေ့ရစဉ်။



သိမ်းဆည်းရမိ မီးခံသေတ္တာများကိုတွေ့ရစဉ်။



အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ခဲ့သည့် ဖမ်းဆီးရမိမြန်မာနိုင်ငံသား အမျိုးသား ၁ ဦးနှင့် အမျိုးသမီး ၃ ဦးတို့အား တွေ့မြင်ရစဉ်။

# အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းများသို့ စက်သုံးဆီများ အဆင်ပြေချောမွေ့စွာဖြန့်ဖြူးပေးနိုင်ရေးနှင့် ပြည်တွင်းစက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချမှုအခြေအနေများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၄

အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းများသို့ စက်သုံးဆီများ အဆင်ပြေချောမွေ့စွာဖြန့်ဖြူးပေးနိုင်ရေးနှင့်ပြည်တွင်းစက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချမှုအခြေအနေများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနရုံးအမှတ်(၆)၌ကျင်းပသည်။

အစည်းအဝေးသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC)၊ အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် YCTA နှင့် YBS တို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဝင်နှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များမှ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများနှင့် ကြီးကြပ်မှုအောက် တိုင်းဒေသကြီး/ပြည်နယ်များရှိ ကြီးကြပ်စစ်ဆေးရေးအရာရှိများက Video Conferencing စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။



အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက နိုင်ငံအလိုက် စက်သုံးဆီအခက်အခဲများကို ရင်ဆိုင်ဖြေရှင်းနေသကဲ့သို့ မိမိတို့နိုင်ငံတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် စက်သုံးဆီတင်သွင်းဖြန့်ဖြူးရေးလုပ်ငန်းစဉ်များသည် တည်ငြိမ်လာခဲ့ပြီး ဈေးနှုန်းများကို မျှတစွာစီမံဆောင်ရွက်ပေးနိုင်လျက်ရှိကြောင်း၊ ယနေ့အစည်းအဝေးတွင် အများပြည်သူသုံးသယ်ယူပို့ဆောင်ရေးအခန်းကဏ္ဍများအတွက် စက်သုံးဆီများကို စနစ်တကျစီမံခန့်ခွဲသွားမည့်အစီအမံများကို ဆွေးနွေးပြောကြားမည်ဖြစ်ကြောင်း၊ အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အရေးပါသည့် YBS ယာဉ်များနှင့် Taxi ယာဉ်များသို့ သဘာဝဓာတ်ငွေ့ (CNG) များကို ၁ ကီလိုဂရမ်လျှင် ၂၇၃ ကျပ် ၂၅ ပြားနှုန်းဖြင့် ၂၀၀၇ ခုနှစ်မှစ၍ ဈေးနှုန်းမပြောင်းလဲဘဲ ရောင်းချပေးနေပါကြောင်း၊ ယင်းဈေးနှုန်းသည် နိုင်ငံတကာဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက လွန်စွာသက်သာမှုရှိသည့်အပြင် အာဆီယံနိုင်ငံများထဲတွင် အချိုသာဆုံးဖြစ်ပါကြောင်း၊ CNG သုံး Taxi ယာဉ်များကို သုံးစွဲခြင်းဖြင့် လောင်စာဆီကုန်ကျမှုမှာ သက်သာမှုရှိသည့်အတွက် CNG သုံး Taxi ယာဉ်များအနေဖြင့် နိုင်ငံတော်မှစိုက်ထုတ်ပေးထားသည့် အခွင့်အရေးကို ပြည်သူများခံစားခွင့်ရရှိစေရန် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ YBS ယာဉ်များအနေဖြင့် အများပြည်သူသယ်ယူပို့ဆောင်ရေးအတွက် ခွင့်ပြုထားသည့် လမ်းကြောင်းများအတွင်း၌သာ မောင်းနှင်၍ ဝန်ဆောင်မှုပေးနိုင်ရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

စက်သုံးဆီသယ်ယူဖြန့်ဖြူးမှု ပိုမိုစနစ်တကျဖြစ်စေရေး မျှောစာထုတ်ပေးရာတွင် Application ရေးဆွဲပြီး QR Code စနစ်အသုံးပြုနိုင်ပြီဖြစ်သဖြင့် စစ်ဆေးရေးဂိတ်များတွင် Scan ဖတ်၍ စစ်ဆေးနေပြီဖြစ်ပါကြောင်း၊ ဆက်လက်၍ ဆိပ်ကမ်းရှိ သိုလှောင်ကန်စခန်းများတွင် Auto Tank Gauging စနစ်တပ်ဆင်စေပြီး ဆီသယ်ယာဉ်များတွင် GPS တပ်ဆင်စေလျက်ရှိခြင်းတို့ ပြီးစီးပါက စက်သုံးဆီတင်သွင်းဖြန့်ဖြူးသည့် စနစ်တစ်ခုလုံးအား Digital စနစ်ဖြင့် ထိန်းချုပ်နိုင်တော့မည်ဖြစ်ရာ နိုင်ငံတော်အနေဖြင့် စက်သုံးဆီဝယ်ယူတင်သွင်းရမှုများစွာလျော့နည်းသွားမည်ဖြစ်ပါကြောင်း၊ ဆက်လက်ပြီး မြစ်တွင်းသွားရေယာဉ်များအတွက် စက်သုံးဆီ ဖြန့်ဖြူးပေးရန်အတွက် စံလုပ်ထုံးလုပ်နည်းများရေးဆွဲပြီးဖြစ်၍ မကြာမီထုတ်ပြန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် အဓိကဖြစ်ရာ ပြည်သူလူထုကို အကျိုးဖြစ်ထွန်းမှသာ ပြည်သူလူထုလေးစားအားကိုး ယုံကြည်မှုရရှိမည်ဖြစ်သည့်အတွက် နိုင်ငံတော်အတွက် တစ်ထောင့်တစ်နေရာမှ အကျိုးပြုနေသည့် ဝန်ထမ်းများ၊ Stakeholder များအနေဖြင့် စေတနာထားဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများက တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စက်သုံးဆီသုံးစွဲမှုစနစ်အား ကြပ်မတ်ထိန်းကျောင်းပေးနေမှု၊ မလိုလားအပ်သောနေရာများသို့ စက်သုံးဆီများရောက်ရှိမှုမရှိစေရေး ဝိုင်းဝန်းဆောင်ရွက်ပေးနေမှုအခြေအနေကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC)၊ ရန်ကုန်စီးတီးတက္ကစီအသင်း (YCTA) နှင့် YBS ခရီးသည်တင်ယာဉ်လိုင်းကုမ္ပဏီတို့မှ တာဝန်ရှိသူများက အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်သွားမည့်အခြေအနေကိုလည်းကောင်း၊ ကမ်းရိုးတန်းသွားသင်္ဘောပိုင်ရှင်များအသင်း၊ ပင်လယ်ကမ်းဝေးငါးဖမ်းလုပ်ငန်းရှင်များအသင်း၊ ပြည်တွင်းရေကြောင်းသွားရေယာဉ်ပိုင်ရှင်များအသင်းမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေကိုလည်းကောင်း ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးက စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချမှုအခြေအနေကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

# နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားနှင့်ပုဗ္ဗသီရိမြို့နယ်တို့၌ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)ကာလအတွင်း လမင်းစီမံချက်ဖြင့် နေ့ချင်းပြီးဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားကတ်ပြားနှင့် UID တို့ကို ကာယကံရှင်တစ်ဦးချင်းထံပေးအပ်

နေပြည်တော် မေ ၄

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်း၊ ပျဉ်းမနားမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပျဉ်းမနားမြို့နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)ကာလအတွင်း ပြည်သူများအတွက်လိုအပ်ချက်ကို လက်ငင်းဖြည့်ဆည်းဆောင်ရွက်ပေးမှုအဖြစ် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ထုတ်ပေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ်ဦးစီးမှူးရုံး စုံစမ်းရေးနေရာ၌ ဧည့်ကြိုဝန်ထမ်းထားရှိဆောင်ရွက်မှုကိုကြည့်ရှုပြီး ရုံးဝင်းအတွင်းရှိ ပြည်သူများနားနေဆောင်၌ နိုင်ငံသားဆိုင်ရာလုပ်ငန်းများ လာရောက်ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်၍ လုပ်ငန်းဆိုင်ရာအခက်အခဲများကို မေးမြန်းဆွေးနွေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မြို့နယ်ကျန်းမာရေးဝန်ထမ်းများက သွေးအမျိုးအစားစစ်ဆေးဆောင်ရွက်ပေးနေမှုနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၏စီစဉ်မှုဖြင့် နိုင်ငံသားကတ်အတွက် ဓာတ်ပုံရိုက်ကူးနေမှု၊ မြို့နယ်အဆင့်ငါးဦးကော်မတီအဖွဲ့ဝင်များ စိစစ်ဆောင်ရွက်နေမှု၊ ရုံးခန်းအတွင်း ဝန်ထမ်းများက အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားကတ်ပြားမရရှိသေးသူများ၊ ပျောက်ဆုံး/ပျက်စီးသူများ၊ အိမ်ထောင်စုလူဦးရေစာရင်းဆိုင်ရာလုပ်ငန်းကိစ္စရပ်များ လာရောက်ဆောင်ရွက်မှုများကို လုပ်ထုံးလုပ်နည်းနှင့် စိစစ်ဆောင်ရွက်ပေးနေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကိုလည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရှိပြီး သူများအား e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ Unique



ID တစ်ပါတည်း ဆောင်ရွက်ပေးနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုကာ လာရောက်ဆောင်ရွက်သူပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြို့နယ်ရုံးအတွင်း စာရွက်စာတမ်းများနှင့် ရုံးသုံးပစ္စည်းများ စနစ်တကျထိန်းသိမ်းထားရှိမှုနှင့် မြို့နယ်ရုံးမှတ်တမ်းခန်းအတွင်း ကိုယ်ရေးမှတ်တမ်းများ စနစ်တကျထိန်းသိမ်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား စာရွက်စာတမ်းလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးတို့အတွက် ဂရုပြုဆောင်ရွက်ကြရန် မှာကြားပြီး **လမင်းစီမံချက်**ဖြင့် နေ့ချင်းပြီးဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားကတ်ပြားနှင့် UID တို့ကို ကာယကံရှင်တစ်ဦးချင်းထံပေးအပ်၍ မြို့နယ်ရုံးဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပုဗ္ဗသီရိမြို့နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ ပုဗ္ဗသီရိမြို့နယ်မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေနှင့်အတူ မြို့နယ်ဦးစီးမှူးရုံး၌ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)ကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ထုတ်ပေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံသားကတ်ပြားရရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ UID တစ်ပါတည်းထုတ်ပေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID တို့ကို ကာယကံရှင်ပြည်သူတစ်ဦးထံပေးအပ်ပြီး ဝန်ထမ်းများအတွက်စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းပါလမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)ကာလအတွင်း ပြည်သူများအတွက်လက်ငင်းဦးစားပေးလုပ်ငန်းအဖြစ် အသက် ၁၈ နှစ်ပြည့်ပြီးသော်လည်း အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသည့် နိုင်ငံသားများ၊ အသက် ၁၀ နှစ်ပြည့်ကျောင်းသား၊ ကျောင်းသူများအား ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းနှင့် e-ID စနစ်ဖြင့် UID ကောက်ယူခြင်းလုပ်ငန်းများကို **လမင်းစီမံချက်**ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြဝတီ**

## အင်ဒိုနီးရှားနှင့်ဂျပန် ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် လက်မှတ်ထိုး

**ဂျကာတာ၊ ကာကွယ်ရေး**

အင်ဒိုနီးရှားနှင့်ဂျပန်တို့က ကာကွယ်ရေးစက်မှုလုပ်ငန်း၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝဘေးလျော့ပါးသက်သာရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် ကာကွယ်ရေးသဘောတူစာချုပ်တစ်ရပ်ကို မေလ ၄ ရက်တွင် လက်မှတ်ထိုးသည်။ အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီးနှင့် ဂျပန်ကာကွယ်ရေးဝန်ကြီးတို့သည် ဂျကာတာမြို့တွင်တွေ့ဆုံ၍ အဆိုပါသဘောတူညီချက်ကို လက်မှတ်ရေးထိုးခြင်းဖြစ်သည်။ ယခုစာချုပ်သည် နှစ်နိုင်ငံကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုကို လမ်းညွှန်ပေးမည့်သံလိုက်အိမ်မြှောင်နှင့် အရေးပါသောမှတ်တိုင်တစ်ခုဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးကပြောသည်။

နှစ်နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ထည့်သွင်းစဉ်းစားလျက် ကာကွယ်ရေးစက်မှုကဏ္ဍနှင့်ဝန်ထမ်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာသောပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန် သဘောတူခြင်းဖြစ်ကြောင်း အင်ဒိုနီးရှား ကာကွယ်ရေးဝန်ကြီးကပြောသည်။ သို့သော် ပူးပေါင်းဆောင်ရွက်မည့် နယ်ပယ်အသေးစိတ်ကိုမူ ထုတ်ပြန်ထားခြင်းမရှိကြောင်းသိရသည်။

**Ref: ST**

## ဟော်မုရေလက်ကြားအနီး အမေရိကန်ကင်းလှည့်ရေယာဉ်ကို အီရန်က ဒုံးကျည်များဖြင့်ပစ်ခတ်ဟုဆို



**တီဟီရန်၊ စစ်ရေး**

ဟော်မုရေလက်ကြားအနီးတွင် သတိပေးချက်ကိုလျစ်လျူရှုပြီး လုံခြုံရေးနှင့် ရေကြောင်းသွားလာမှုဆိုင်ရာ စည်းကမ်းများကိုချိုးဖောက်ခဲ့သည့်အမေရိကန်ရေတပ်ကင်းလှည့်ရေယာဉ်တစ်စင်းကို အီရန်က ဒုံးကျည်နှစ်စင်းဖြင့်ပစ်ခတ်ကြောင်း Fars သတင်းဌာနက မေလ ၄ ရက်တွင် ဖော်ပြသည်။ ထိုရေယာဉ်သည် ဒုံးကျည်ထိမှန်မှုကြောင့် လမ်းကြောင်းအတိုင်းဆက်မသွားနိုင်ဘဲ နယ်မြေအတွင်းမှ ဆုတ်ခွာသွားရကြောင်း အီရန်ဘက်က ဆိုသည်။

သို့သော် အမေရိကန်အလယ်ပိုင်းစစ်ဌာနချုပ်(CENTCOM)ကမူ အမေရိကန်မှ သင်္ဘောများဒုံးကျည်ထိမှန်ခြင်းမရှိဘဲ အီရန်ဆိပ်ကမ်းများကိုပိတ်ဆို့ထားသည့် Project Freedom စစ်ဆင်ရေးကိုသာ ဆောင်ရွက်နေကြောင်း ငြင်းဆိုထားသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဖေဖော်ဝါရီလနှောင်းပိုင်းမှစ၍ ဟော်မုရေလက်ကြား၌ ပိတ်မိနေသည့်သင်္ဘောများကိုလွတ်မြောက်အောင် ကူညီမည်ဟု မေလ ၃ ရက်တွင်ပြောပြီးနောက် ယခုကဲ့သို့ အခြေအနေတင်းမာလာခြင်းဖြစ်သည်။

အီရန်ကလည်း ၎င်းတို့နယ်မြေအတွင်း ချဉ်းကပ်လာသည့် မည်သည့်ပြည်ပတပ်ဖွဲ့ကိုမဆိုတိုက်ခိုက်မည်ဟု သတိပေးထားသည်။ အမေရိကန်က အီရန်ဆိပ်ကမ်းများကို ရေတပ်ဖြင့်ပိတ်ဆို့ထားခြင်းသည် စစ်ကြေညာခြင်းဖြစ်ကာ အပစ်အခတ်ရပ်စဲရေးကို ချိုးဖောက်ခြင်းဖြစ်ကြောင်း အီရန်ဘက်ကပြောထားသည်။

**Ref: RT**

## အတ္တလန္တိတ်ရှိ ခရီးသွားသင်္ဘောပေါ်၌ ဟန်တာဗိုင်းရပ် ကူးစက်မှုကြောင့် လူသုံးဦးသေဆုံး

**ပရာအီရာ၊ ကျန်းမာရေး**

အတ္တလန္တိတ်သမုဒ္ဒရာအတွင်း သွားလာနေသည့် MV Hondius ခရီးသွားသင်္ဘောပေါ်၌ ဟန်တာဗိုင်းရပ်ကူးစက်ပြန့်ပွားမှုဖြစ်ပွားရာ ခရီးသည်သုံးဦးသေဆုံးပြီး သုံးဦးမှာ ဖျားနာနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မေလ ၃ ရက်တွင် အတည်ပြုထားသည်။ သင်္ဘောပေါ်ရှိ ခရီးသည်နှင့်ဝန်ထမ်းများအနက် တစ်ဦးတွင်ဗိုင်းရပ်တွေ့ရှိကြောင်း အတည်ပြုထားသည်။

လက်ရှိတွင် ဗြိတိန်နိုင်ငံသားတစ်ဦးမှာ တောင်အာဖရိကနိုင်ငံ၌ အထူးကြပ်မတ်ကုသမှုခံယူနေကြောင်း၊ ထိုသင်္ဘောသည် အာဂျင်တီးနားနိုင်ငံမှ ကိပ်ဗာဒီနိုင်ငံသို့ ခရီးနှင်လာစဉ် ခရီးသည်အချို့စတင်ဖျားနာခဲ့ခြင်းဖြစ်ကြောင်း၊ လူပေါင်း ၁၅၀ မှ ၁၇၀ ခန့် လိုက်ပါလာသည့် ထိုသင်္ဘောကို ကိပ်ဗာဒီမြို့တော် ပရာအီရာဆိပ်ကမ်းအပြင်ဘက်၌ ရပ်နားကာ တာဝန်ရှိသူများက ရောဂါကူးစက်မှုကိုထိန်းချုပ်ရန် ကြိုးပမ်းနေကြောင်း သိရသည်။

**Ref: AGC**

## တူကီယဲ၌ ကျောင်းတွင်းပစ်ခတ်မှုတွင် သေဆုံးသူ ၁၀ ဦးရှိလာ

**အစ္စတန်ဘူ၊ မှုခင်း**

တူကီယဲနိုင်ငံတောင်ပိုင်းရှိကျောင်းတစ်ကျောင်း၌ဖြစ်ပွားသော သေနတ်ပစ်ခတ်မှုအတွင်း ပြင်းထန်စွာဒဏ်ရာရရှိထားသည့် အသက် ၁၁ နှစ်အရွယ် မိန်းကလေးငယ်တစ်ဦး ထပ်မံသေဆုံးသွားသဖြင့် ထိုဖြစ်စဉ်တွင် သေဆုံးသူအရေအတွက် ၁၀ ဦးအထိ ရှိလာကြောင်း မေလ ၄ ရက်တွင် သတင်းများက ဖော်ပြထားသည်။ အယ်မီနာအာဂါအော့ဂလူအမည်ရှိ အဆိုပါကျောင်းသူသည် ဆေးရုံတွင်ကုသမှုခံယူနေစဉ် သေဆုံးခြင်းဖြစ်ကြောင်း NTV သတင်းဌာနကဖော်ပြထားသည်။

ပြီးခဲ့သည့်လအတွင်း ကာရာမန်မာရက်ပြည်နယ်ရှိကျောင်းတစ်ကျောင်း၌ အသက် ၁၄ နှစ်ရှိလူငယ်တစ်ဦးက သေနတ်ဖြင့်ပစ်ခတ်မှုကျူးလွန်ခဲ့သဖြင့် အသက် ၁၀ နှစ်နှင့် ၁၁ နှစ်အရွယ်ရှိ ကျောင်းသား ကိုးဦးနှင့် ဆရာ တစ်ဦးတို့ သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

**Ref: ST**

## အီရန်သို့ ဟော်မုရေလက်ကြားဖြတ်သန်းခပေးသူများကို အမေရိကန် ဒဏ်ခတ်ပိတ်ဆို့မည်



**ဝါရှင်တန်၊ စစ်ရေး**

အီရန်နိုင်ငံသို့ ဟော်မုရေလက်ကြားဖြတ်သန်းခပေးနေသည့်သင်္ဘောကုမ္ပဏီများကို ဒဏ်ခတ်ပိတ်ဆို့သွားမည်ဟု အမေရိကန်အစိုးရက သတိပေးလိုက်သည်။ ဖေဖော်ဝါရီလနှောင်းပိုင်းမှစတင်၍ အမေရိကန်နှင့် အစ္စရေးတို့၏ တိုက်ခိုက်မှုများကြောင့် ထိုရေလက်ကြားမှာပိတ်ဆို့နေပြီး အီရန်၏ အစ္စလာမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့ကထိန်းချုပ်ထားသည့် လမ်းကြောင်းတစ်ခုတည်းမှသာ သင်္ဘောများကိုဖြတ်သန်းခပေး၍ သွားလာခွင့်ပြုနေခြင်းဖြစ်သည်။

အနည်းဆုံး သင်္ဘောနှစ်စင်းက ဒေါ်လာ ၁ သန်းမှ ၂ သန်းကြားတန်ဖိုးရှိသည့် ယွမ်ငွေဖြင့်ဖြတ်သန်းခပေးချေကြောင်း သတင်းများထွက်ပေါ်နေစဉ် အမေရိကန်နိုင်ငံခြားပိုင်ဆိုင်မှုထိန်းချုပ်ရေးရုံးက ယင်းသို့ငွေပေးချေမှုများသည် ပြင်းထန်သောဒဏ်ခတ်ပိတ်ဆို့မှုများနှင့်ရင်ဆိုင်ရမည်ဟုထုတ်ပြန်ခြင်းဖြစ်သည်။

ထိုရေလက်ကြားတစ်ဝိုက်တွင် သင်္ဘောအစင်းရေ ၂၀၀ ခန့်နှင့် သင်္ဘောသားဦးရေ ၂၀၀၀၀ ခန့်ပိတ်မိနေပြီး စားနပ်ရိက္ခာပြတ်လပ်မှုများနှင့်ရင်ဆိုင်နေရသည်။ သမ္မတ ဒေါ်နယ်ထရမ့်က ကြားနေသင်္ဘောများ ရေလက်ကြားမှ လွတ်လပ်စွာဖြတ်သန်းနိုင်ရေးအတွက် Project Freedom စစ်ဆင်ရေးစတင်ကြောင်းကြေညာထားပြီး ယင်းစစ်ဆင်ရေးတွင် စစ်သည် ၁၅၀၀၀၊ ဖျက်သင်္ဘောများနှင့်လေယာဉ်အစင်း ၁၀၀ ကျော်တို့ဖြင့်ကူညီပေးမည်ဟု သိရသည်။

**Ref: RT**

## ဘန်ကောက်မြို့၌ အပူအညွှန်းကိန်းက အလွန်အန္တရာယ်ရှိသောအဆင့်သို့ ရောက်ရှိ

**ဘန်ကောက်၊ ရာသီဥတု**

ဘန်ကောက်မြို့၌ မေလ ၄ ရက်တွင် အပူအညွှန်းကိန်းက ၅၂ ဒီဂရီစင်တီဂရိတ်ကျော်လွန်သွားပြီဖြစ်သောကြောင့် အလွန်အန္တရာယ်ရှိသောအဆင့်သို့ ရောက်ရှိလာကြောင်း ဘန်ကောက်မြို့တော်စီမံခန့်ခွဲရေးအဖွဲ့၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနက ထုတ်ပြန်သည်။ အဆိုပါ အလွန်အမင်းပူပြင်းသည့်အခြေအနေကြောင့် ပြည်သူများ အနေဖြင့် အပြင်မထွက်ရန်၊ ပြင်ပလုပ်ငန်းဆောင်တာများ လုပ်ဆောင်ခြင်းကို ရှောင်ကြဉ်ရန်နှင့် အပူလျှပ်ခြင်းအန္တရာယ်ကိုသတိပြုရန် သတိပေးထားသည်။

ယခုထုတ်ပြန်ချက်က အပြင်တွင်အလုပ်လုပ်ကိုင်သူများသာမက ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များနှင့် နာတာရှည်ရောဂါရှိသူများအတွက်ပါ အထူးသတိပြုရမည့် အနီရင့်ရောင်အဆင့် သတိပေးချက်ဖြစ်သည်။

အပူအညွှန်းကိန်းမြင့်တက်နေစဉ် ပုံမှန်မဟုတ်သော ရောဂါလက္ခဏာများခံစားရပါက ဆေးကုသမှုချက်ချင်းခံယူရန် တာဝန်ရှိသူများက တိုက်တွန်းထားသည်။ အထူးသဖြင့် အသက်ငါးနှစ်အောက် ကလေးငယ်များ၊ အသက် ၆၀ ကျော် သက်ကြီးရွယ်အိုများ၊ အဝလွန်သူများ၊ အရက်သောက်သုံးသူများနှင့် အပြင်၌ကိုယ်လက်လှုပ်ရှားမှုပြုလုပ်သူများအနေဖြင့် ပိုမိုဂရုစိုက်ရန် လိုအပ်ကြောင်းသိရသည်။

**Ref: ST**



# သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန အမျိုးသားစာကြည့်တိုက်(နေပြည်တော်)အား ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၄

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဒုတိယဝန်ကြီး(ယဉ်ကျေးမှု)၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင်သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)သို့ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

စစ်ဆေးစဉ် သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၏ မန္တလေးငလျင်ကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်း၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အမျိုးသားစာကြည့်တိုက် (နေပြည်တော်) အဆောက်အအုံပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းတွင် ကျန်ရှိသည့်လုပ်ငန်းများကို မေလအကုန်တွင်ပြီးစီးအောင်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

နိုင်ငံတော်သမ္မတက ပညာရေးအဆင့်မြင့်တင်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နေသည့်အတွက် စာကြည့်တိုက်များသည်လည်း ပညာရေးမြှင့်တင်ခြင်းတွင် ပါဝင်နေခြင်းကြောင့် စာကြည့်တိုက်များတိုးတက်အောင်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ပညာသည် စာထဲတွင်ရှိသည့်အတွက်ကြောင့် စာဖတ်ရန်လိုအပ်ပါကြောင်း၊ စာဖတ်သူဦးရေ တိုးတက်လာစေရန် အမျိုးသားစာကြည့်တိုက်များ၏ လှုပ်ရှားမှုများကို Social Media များတွင် တင်ပြခြင်း၊ မြဝတီရုပ်မြင်သံကြားနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်တို့မှ တစ်ဆင့် Talk Show များ၊ Interview များ ရိုက်ကူး၍ အများပြည်သူများသိရှိနိုင်စေရန်ဆောင်ရွက်စေလိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားစာကြည့်တိုက်(နေပြည်တော်) အဆောက်အအုံအတွင်းရှိတက္ကသိုလ်မြတ်သူစာစုခန်း၊ Donor Collection၊ ကလေးစာဖတ်ခန်း၊ Data Center ၊ အာဆီယံစာစုခန်း၊ ပေပြကွက်၊ e-Library၊ ဝန်ဇင်းမင်းရာဇာခန်းမ၊ စာအုပ်စင်ခန်းများ၊ ပေပုရပိုက်ခန်းနှင့် သုတေသနဌာနခွဲရုံးခန်းများသို့ လှည့်လည်ကြည့်ရှုပြီး စာကြည့်တိုက်အသုံးပြုသူများ ပိုမိုများပြားလာစေရေး ဆောင်ရွက်ရန်၊ စာအုပ်စာစောင်များအား Digital Format ပြုလုပ်ခြင်းလုပ်ငန်းအား စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်၊ အဆောက်အအုံအတွင်းနှင့်စာပေပစ္စည်းများနှင့် ပိုးမွှားအန္တရာယ်များကင်းဝေးစေရေး အလေးထားဆောင်ရွက်သွားရန်မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥက္ကဋ္ဌနှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် တွေ့ဆုံ

နေပြည်တော် မေ ၄

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးသန်းမောင်သည် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်ရွှေနှင့်အဖွဲ့ဝင် ဦးခင်ဇော်တို့ကို ယနေ့ညနေ ၃ နာရီတွင်ပြည်ထောင်စုဝန်ကြီး၏ရုံးခန်းမ၌တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အနေဖြင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏လုပ်ငန်းဆောင်တာများတွင် အတူတကွပူးပေါင်းဆောင်ရွက်ရေး၊ အပြန်အလှန်အထောက်အကူပြုရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ကွန်ပျူတာအခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်းဖွင့်ပွဲကျင်းပ



ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ကွန်ပျူတာအခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၂၆)သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် မေ ၄

နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်ပြီး လူငယ်များ ကွန်ပျူတာဘာသာရပ်ဆိုင်ရာများ၊ ခေတ်မီနည်းပညာများ သိရှိနားလည်စေရန်ရည်ရွယ်၍ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ တပ်မတော်သားမိသားစုဝင် ကျောင်းသား/ကျောင်းသူများအတွက် ကွန်ပျူတာအခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အနော်ရထာခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ သင်တန်းနည်းပြ ဆရာ/ဆရာမများ၊ သင်တန်းသား/သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များက သင်တန်းဖွင့်ပွဲသို့ တက်ရောက်လာကြသည့် သင်တန်းသား/ သင်တန်းသူများနှင့်ဆရာ/ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါ ကွန်ပျူတာအခြေခံသင်တန်းကို တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ သင်တန်းသား/သင်တန်းသူ ၃၂ ဦးဖြင့် မေလ ၂၂ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၄

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

(မိုး/ဇလ)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၅-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၅၁၅ | ၄၇၀၀ | ၄၆၄၀ | ၄၅၃၀ | ၄၇၀၀ | ၄၇၁၅ | ၄၇၆၅ | ၄၆၁၀ | ၄၇၆၅ | ၅၀၈၅ | ၄၆၃၅ | ၄၇၅၅ | ၄၇၃၅ | ၄၆၉၀ | ၄၆၉၀ | ၄၉၀၀ |
| 95 Ron | ၄၆၇၀ | ၄၈၆၀ | ၄၈၀၀ | ၄၆၈၅ | ၄၈၆၀ | ၄၈၇၀ | ၄၉၂၀ | ၄၇၇၀ | ၄၉၂၀ | ၅၂၄၀ | ၄၇၉၀ | ၄၉၄၀ | ၄၈၉၅ | ၄၈၅၀ | ၄၈၅၀ | ၅၀၆၀ |
| HSD (500 ppm) | ၅၂၇၅ | ၅၅၅၅ | ၅၃၉၅ | ၅၂၉၀ | ၅၅၅၅ | ၅၄၆၅ | ၅၅၁၅ | ၅၃၆၅ | - | ၅၈၂၀ | ၅၃၉၀ | ၅၈၉၅ | ၅၄၉၀ | ၅၅၄၅ | ၅၅၄၅ | ၅၆၄၅ |
| HSD (50 ppm) | ၆၄၅၅ | ၆၆၄၅ | ၆၅၈၀ | ၆၄၇၀ | ၆၆၄၅ | ၆၆၅၅ | ၆၇၀၅ | ၆၅၅၀ | ၆၇၀၅ | ၇၀၂၅ | ၆၅၇၅ | ၆၈၃၀ | ၆၆၈၀ | ၆၆၃၀ | ၆၆၃၅ | ၆၈၄၅ |
| HSD (10 ppm) | ၆၄၅၅ | ၆၆၄၅ | ၆၅၈၀ | ၆၄၇၀ | ၆၆၄၅ | ၆၆၅၅ | ၆၇၀၅ | ၆၅၅၀ | | ၇၀၂၅ | ၆၅၇၅ | ၆၈၃၀ | ၆၆၈၀ | ၆၆၃၀ | ၆၆၃၅ | ၆၈၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၂၇၉ | ၄၃၉၉ |
| 95 Ron | ၄၄၃၃ | ၄၅၅၅ |
| HSD (500 ppm) | ၅၀၃၃ | ၅၁၆၃ |
| HSD (50 ppm) | ၆၁၆၀ | ၆၃၁၃ |
| HSD (10 ppm) | ၆၁၆၀ | ၆၃၁၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ**

# ရီးယဲလ်မက်ဒရစ်အသင်းက ခံစစ်ကစားသမားကာဗာဂျယ်အား တစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန်ကမ်းလှမ်း




မက်ဒရစ် မေ ၄

ရီးယဲလ်မက်ဒရစ်အသင်းက ယခုဘောလုံးရာသီအကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည့် ဝါရင့်ခံစစ်ကစားသမားကာဗာဂျယ်အား တစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

အသက် ၃၄ နှစ်အရွယ် ကာဗာဂျယ်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ၂၀၁၀ ပြည့်နှစ်က ရီးယဲလ်မက်ဒရစ်အသင်းနှင့် စာချုပ်ချုပ်ဆိုခဲ့သော်လည်း အစောပိုင်းနှစ်များက အသင်းတွင်ပါဝင်ကစားခွင့်မရရှိဘဲ ၂၀၁၂ ခုနှစ်က လေဗာကူဆင်အသင်းထံ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ကာဗာဂျယ်သည် အသင်းနှင့်အတူ စပိန်လာလီဂါဖလားလေးကြိမ်၊ ချန်ပီယံလိဂ်ဖလားခြောက်ကြိမ်၊ ဥရောပစူပါဖလား ငါးကြိမ်၊ ကလပ်ကမ္ဘာ့ဖလား ငါးကြိမ်ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းက အစောပိုင်းက ကာဗာဂျယ်၏ အသက်အရွယ်အပိုင်းအခြားကြောင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုခြင်းမရှိဘဲ ရာသီအကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ရန် ဆုံးဖြတ်ထားသော်လည်း နောက်ပိုင်းတွင် ဆုံးဖြတ်ချက်ပြန်လည်ပြင်ဆင်ကာ နောက်ထပ် တစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ကာဗာဂျယ်သည် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၄၈ ပွဲအထိပါဝင်ကစားခဲ့ကာ ပွဲအများဆုံးကစားသမားများမှ တစ်ဦးအပါအဝင်ရပ်တည်နေပြီး ယခုဘောလုံးရာသီတွင် ဒဏ်ရာပြဿနာများကြောင့် ပြိုင်ပွဲစုံပွဲပေါင်း ၂၀ ပွဲသာ ပါဝင်ကစားနိုင်ခဲ့ကြောင်း သိရသည်။ *Ref;Fabrizio Romano*

# အာဆင်နယ်အသင်းသမိုင်းတစ်လျှောက် ဘောလုံးရာသီတစ်ရာသီအတွင်း ပြိုင်ပွဲစုံနိုင်ပွဲအများဆုံးရရှိသည့်နည်းပြအဖြစ် နည်းပြအာတီတာ စံချိန်သစ်တင်

လန်ဒန် မေ ၄

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၅)အဖြစ် ကစားသည့် အာဆင်နယ်အသင်းက ဖူလ်ဟမ်အသင်းကို ၃ ဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိသည့်ပွဲစဉ်အပြီးတွင် အာဆင်နယ်အသင်းသမိုင်းတစ်လျှောက် ဘောလုံးရာသီတစ်ရာသီအတွင်း နိုင်ပွဲအများဆုံးရရှိသည့် နည်းပြအဖြစ် အာတီတာက စံချိန်သစ်တင်နိုင်ခဲ့ကြောင်း သိရသည်။

အာဆင်နယ်အသင်းသည် ဖူလ်ဟမ်အသင်းကို အနိုင်ရရှိပြီးနောက် ယခုဘောလုံးရာသီတွင် ပြိုင်ပွဲစုံနိုင်ပွဲ ၄၀ ပြည့်မြောက်လာပြီးနောက် နည်းပြအာတီတာကလည်း အသင်းသမိုင်းတစ်လျှောက် တစ်ရာသီအတွင်း နိုင်ပွဲအများဆုံးရရှိသည့် နည်းပြအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသမိုင်းတစ်လျှောက် နိုင်ပွဲအများဆုံးနည်းပြအဖြစ် နည်းပြအာတီတာမတိုင်မီက အသင်းဂန္တဝင်နည်းပြအဖြစ် သတ်မှတ်ခံထားရသည့် နည်းပြဟောင်း အာဆင်ဝင်းဂါးက ၂၀၀၁ – ၂၀၀၂ ဘောလုံးရာသီက ၃၉ ပွဲဖြင့် စံချိန်တင်ထားခြင်းကို ယခုအခါ နည်းပြအာတီတာက ယခုဘောလုံးရာသီမပြီးဆုံးမီ စံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြအာတီတာသည် ပြီးခဲ့သည့်ဘောလုံးရာသီက နှစ်ပေါင်းအတန်ကြာဝေးကွာနေသည့် ပရီးမီးယားလိဂ်ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ရန် နီးစပ်ခဲ့သော်လည်း ရာသီကုန်ဆုံးခါနီးတွင် ရလဒ်မတည်ငြိမ်မှုများကြောင့် ချန်ပီယံဆုဖလားလက်လွှတ်ခဲ့ရပြီး အဆင့်(၂)ဖြင့်သာကျေနပ်ခဲ့ရသည်။

အာဆင်နယ်အသင်းသည် ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၃၅ ပွဲကစားပြီးချိန်တွင် ၂၃ ပွဲနိုင်၊ ခုနစ်ပွဲသရေ၊ ငါးပွဲရှုံး ရမှတ် ၇၆ မှတ်ဖြင့် အဆင့် (၂)နေရာမှ မန်စီးတီးအသင်းထက် နှစ်ပွဲပိုကစားထားပြီး ရမှတ် ခြောက်မှတ်ဖြတ်တောက်ထားနိုင်ကာ ချန်ပီယံဆုအတွက် မျှော်လင့်ချက်ရှိနေဆဲဖြစ်သည်။

ထို့ပြင် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ထားပြီး ဒုတိယအကျော့ပွဲစဉ်အဖြစ် အိမ်ကွင်း၌ အက်သလက်တီကိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကာ ချန်ပီယံဆုမျှော်လင့်ချက်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

*Ref;Fotmob*

# ဆယ်စုနှစ်တစ်ခုအတွင်း လီဗာပူးအသင်းကို အိမ်ကွင်းနှင့် အဝေးကွင်းအနိုင်ရရှိသည့် မှတ်တမ်းကောင်းတစ်ရပ် မန်ယူအသင်းရရှိ



မန်ချက်စတာ မေ ၄

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၅)အဖြစ်ကစားသည့် မန်ယူအသင်းနှင့် လီဗာပူးအသင်းတို့ပွဲစဉ်တွင် မန်ယူအသင်းက အိမ်ကွင်း၌ ၃ ဂိုး– ၂ ဂိုးဖြင့် အနိုင်ရရှိပြီးနောက် ဆယ်စုနှစ်တစ်ခုအတွင်း လီဗာပူးအသင်းကို အိမ်ကွင်းနှင့် အဝေးကွင်း နှစ်ကျော့စလုံး အနိုင်ရရှိသည့် မှတ်တမ်းကောင်းတစ်ရပ်ကို ပြန်လည်ရရှိခဲ့ကြောင်း သိရသည်။

မန်ယူအသင်းသည် ယခုဘောလုံးရာသီဝက်ကာလအထိ ရုန်းကန်ခဲ့ရသော်လည်း ယာယီနည်းပြကာရစ်တာဝန်ယူကိုင်တွယ်ပြီးနောက် အသင်းအနေဖြင့် ရလဒ်များဆက်တိုက်ကောင်းမွန်လာပြီး လီဗာပူးအသင်းကို အနိုင်ရရှိပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ကိုလည်း ပြိုင်ပွဲမပြီးဆုံးမီရရှိခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် လီဗာပူးအသင်းနှင့်ပွဲစဉ်တွင် ကွန်ဟာ၊ ဆက်ကိုတို့၏ သွင်းဂိုးများဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ဆိုဘော့ဆလိုင်နှင့် ဂတ်ပိုတို့၏ ချေပဂိုးများကြောင့် ခက်ခဲခဲ့သော်လည်း ကိုဘီမိုင်နူးက အသင်းအတွက် အနိုင်ဂိုးသွင်းယူနိုင်သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ၃ ဂိုး– ၂ ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် လီဗာပူးအသင်းကို ၂၀၁၅– ၂၀၁၆ ဘောလုံးရာသီက အိမ်ကွင်းနှင့် အဝေးကွင်း နှစ်ကျော့စလုံးအနိုင်ရရှိပြီးနောက်ပိုင်း ဆယ်စုနှစ်တစ်ခုကြာ အိမ်ကွင်းနှင့် အဝေးကွင်း နှစ်ကျော့စလုံး နိုင်ပွဲရရှိအောင် စွမ်းဆောင်ပေးနိုင်ခြင်းမရှိဘဲ ယခုဘောလုံးရာသီ နည်းပြကာရစ်လက်ထက်မှသာအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

နည်းပြကာရစ် တာဝန်ယူကိုင်တွယ်ပြီးနောက် မန်ယူအသင်းသည် လီဗာပူးအသင်း၊ မန်စီးတီးအသင်း၊ အာဆင်နယ်အသင်း၊ ချယ်လ်ဆီးအသင်း၊ အက်စ်တွန်ဗီလာအသင်းစသည့် အမှတ်ပေးဇယားထိပ်ပိုင်းနေရာများ၌ ရပ်တည်ခဲ့သည့်အသင်းများအားလုံးကို အနိုင်ရယူနိုင်ခဲ့သည်။

အလားတူ မန်ယူအသင်းကို နည်းပြကာရစ်တာဝန်ယူကိုင်တွယ်ပြီးနောက်ပိုင်းကာလ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် မန်ယူအသင်းသည် ၁၀ ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ရရှိခဲ့ပြီး ပြိုင်ပွဲဝင်အသင်းများတွင် ရမှတ်အများဆုံးရရှိအောင် စွမ်းဆောင်ပေးနိုင်သည့် နည်းပြအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

*Ref;Goal.com*

# အက်သလက်တီကိုအသင်းက အယ်ဗာရက်၏နေရာ၌ သီယာဂိုနှင့်အစားထိုးရန်ကြိုးပမ်း

မက်ဒရစ် မေ ၄

အက်သလက်တီကိုအသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာဖွယ်ရှိနေသည့် တိုက်စစ်ကစားသမား အယ်ဗာရက်၏နေရာ၌ ဘရန့်ဖို့ဒ်အသင်းမှ သီယာဂိုနှင့် အစားထိုးရန်ကြိုးပမ်းနေကြောင်း သိရသည်။

လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အယ်ဗာရက်သည် အသင်းမှထွက်ခွာလိုနေပြီး ၎င်းကို ဥရောပထိပ်တန်းအသင်းကြီးများက အပြိုင်ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

အက်သလက်တီကိုအသင်းက အယ်ဗာရက်အား လက်လွှတ်ရမည်ဆိုပါက သီယာဂိုနှင့်အစားထိုးလိုနေသည့်အတွက် အပြောင်းအရွှေ့ကာလမတိုင်မီ ဘရန့်ဖို့ဒ်အသင်းထံ ကမ်းလှမ်းမှုများလုပ်ဆောင်ထားခြင်းဖြစ်သည်။

သီယာဂိုသည် ၂၀၂၄ ခုနှစ်က ဘရုဂျက်အသင်းမှ ဘရန့်ဖို့ဒ်အသင်းသို့ပြောင်းရွှေ့ကစားခဲ့ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက ဒဏ်ရာကြောင့် ကာလရှည် အနားယူခဲ့ရသည့်အတွက် ပွဲအနည်းငယ်သာပါဝင်ကစားရသော်လည်း ယခုဘောလုံးရာသီတွင် အကောင်းဆုံးခြေစွမ်းပြလျက်ရှိပြီး ပြိုင်ပွဲစုံ ၃၇ ပွဲပါဝင်ကစားခဲ့ရာ ၂၅ ဂိုးသွင်းယူနိုင်သည်အထိ ခြေစွမ်းပြလျက်ရှိ၍ အက်သလက်တီကိုအသင်းက ခေါ်ယူရန်ကြိုးပမ်းနေကြောင်း သိရသည်။ *Ref;Fotmob*

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်း ကော်မရှင်ရုံးခွဲ(တောင်ကြီး)ရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ

နေပြည်တော် မေ ၄

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းသည် ယနေ့ညနေပိုင်းတွင် ကော်မရှင်ရုံးခွဲ(တောင်ကြီး)ရှိ အစည်းအဝေးခန်းမ၌ ကော်မရှင်ရုံးခွဲမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ကော်မရှင်ရုံးခွဲတာဝန်ခံ ညွှန်ကြားရေးမှူးက ရုံးခွဲစတင်ဖွင့်လှစ်ခဲ့မှု၊ ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခဲ့မှု၊ ဝန်ထမ်းဖွဲ့စည်းပုံနှင့် ဝန်ထမ်းခန့်ထားမှု၊ အသိပညာပေးရေး၊ စုံစမ်းစစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်နိုင်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ကော်မရှင်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်တွင် ဝန်ထမ်းများအနေဖြင့်လုပ်ငန်းတာဝန်များကိုထမ်းဆောင်ကြရာတွင် အဂတိကင်းရှင်းစွာဖြင့် ဆောင်ရွက်ကြရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ လူငယ်စကားဝိုင်းများနှင့် အသိပညာပေးလုပ်ငန်းများကို ယခင်နှစ်များထက် ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရန်၊ အဂတိလိုက်စားမှုကြောင့် ပေါ်ပေါက်လာမည့်ဆိုးကျိုးများကို အသိတရားရရှိအောင် အသိပညာပေးလုပ်ငန်းများကို အကြိမ်ကြိမ် ဆောင်ရွက်ခြင်းသည် အကောင်းဆုံးအဖြေ ဖြစ်ကြောင်း။

ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ်ခံယူလျက် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းဟူသည့် ကဏ္ဍ(၃)ရပ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် ဝန်ထမ်းတစ်ဦးချင်းအနေဖြင့် အရည်အချင်း၊ အရည်အသွေး ပြည့်ဝနေအောင် အမြဲတမ်းဖြည့်ဆည်းနေရန်လိုကြောင်း၊ မိမိအလုပ်ကို တန်ဖိုးထား၍ ကြိုးစားလုပ်ဆောင်ရန်၊ ဝန်ထမ်းအချင်းချင်း မိသားစုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ နေထိုင်သွားကြရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌက ရုံးခွဲရှိ ဝန်ထမ်းများနှင့် မိသားစုများအတွက် ဆန်၊ စားသုံးဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများကိုထောက်ပံ့ပေးအပ်ရာ ရုံးခွဲတာဝန်ခံနှင့်မိသားစုများက လက်ခံရယူသည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌသည် ရုံးခွဲအဆောက်အအုံအတွင်း ဝန်ထမ်းများ၏ လုပ်ငန်းတာဝန် ထမ်းဆောင်နေမှုနှင့် ကော်မရှင်ရုံးခွဲဝန်ထမ်းအိမ်ရာကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားကာ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# Pyin Oo Lwin Junior Open Championship
## ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ




မန္တလေး မေ ၄

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်၏ဦးဆောင်မှုဖြင့် Junior Golf Myanmar (JGM) ကကြီးမှူး၍ CB Bank က အဓိကကူညီပံ့ပိုးသော Pyin Oo Lwin Junior Open Championship (Road to Myanmar Junior National Team) မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ တတိယနေ့နှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ ပြင်ဦးလွင်ဂေါက်ကွင်း၌ ကျင်းပသည်။


ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ Junior Golf Myanmar (JGM) တွဲဖက်အတွင်းရေးမှူး ဦးမြင့်ဇော်က ပြိုင်ပွဲလက်ခံကျင်းပပေးသော ပြင်ဦးလွင်ဂေါက်ကွင်းအား အမှတ်တရဂုဏ်ပြုလက်ဆောင်ပေးအပ်ရာ ပြင်ဦးလွင်ဂေါက်ကွင်း တွဲဖက်အတွင်းရေးမှူး ဦးစိုးအောင်က လက်ခံရယူသည်။ ထို့နောက် Junior Golf Myanmar (JGM) ဥက္ကဋ္ဌ ဦးအောင်ကိုဇော်က ပြင်ဦးလွင်ဂေါက်ကွင်းသို့ လှူဒါန်းငွေကျပ် ၁၅ သိန်း ပေးအပ်ရာ ပြင်ဦးလွင်ဂေါက်ကွင်း ဒုတိယဥက္ကဋ္ဌ ဦးတင်ဝင်းနိုင်က လက်ခံရယူသည်။

ဆက်လက်၍ ပြိုင်ပွဲဒုတိယနေ့တွင် ကျင်းအမှတ် (၃) ၌ Hole In One ရရှိသော ဆက်နိုင်အောင်အား Junior Golf Myanmar (JGM) ဥက္ကဋ္ဌ ဦးအောင်ကိုဇော်ချီးမြှင့်သော ဆုငွေကျပ် ငါးသိန်းကို တွဲဖက်အတွင်းရေးမှူး ဦးခန့်ဇော်ကလည်းကောင်း၊ PJGG Group မှ ဦးခင်မောင်အေးက ဆုကြေးငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ Pyin Oo Lwin Golf International School (PIS) Founder ဦးစိန်ဝင်းက ချီးမြှင့်ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း အသီးသီးပေးအပ်သည်။

ထို့နောက် Junior Golf Myanmar (JGM) ဒုတိယဥက္ကဋ္ဌ ဦးဟိန်းထက်ဗိုလ်က Junior အဆင့် အသက် ၁၂ နှစ်အောက် (အမျိုးသား)သက်တမ်းတွင်ပဉ္စမဆုရရှိသော ရဲလင်းထွေး၊ စတုတ္ထဆုရရှိသော အောင်စိုးထွန်း၊ တတိယဆုရရှိသော ရှင်းခန့်ဇော်၊ ဒုတိယဆုရရှိသော နေမျိုးခန့်၊ စုစုပေါင်းရိုက်ချက် ၂၆၁ ချက်ဖြင့် ပထမဆုရရှိသော ဘုန်းမြတ်သော်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။ ယင်းနောက် ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ဦးပါစီက အသက် ၁၄ နှစ်အောက် (အမျိုးသမီး) သက်တမ်းတွင် တတိယဆုရရှိသော ယွန်းရမုံ၊ ဒုတိယဆုရရှိသော ချစ်ခွန်းသီအောင်၊ စုစုပေါင်းရိုက်ချက် ၂၄၆ ချက်ဖြင့် ပထမဆုရရှိသော Choi Hui တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်နှင့် Junior Golf Myanmar (JGM) ဒုတိယဥက္ကဋ္ဌ ဦးစိုးက အသက်၁၄ နှစ်အောက်(အမျိုးသား) သက်တမ်းတွင် ပဉ္စမဆုရရှိသော သူရမင်းသန့်၊ စတုတ္ထဆုရရှိသော ဝေယံလင်းဦး၊ တတိယဆုရရှိသော အောင်သန်းထွဋ်၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြင့်ဦးက ဒုတိယဆုရရှိသော ထူးမြတ်အောင်၊ စုစုပေါင်းရိုက်ချက် ၂၃၅ ချက်ဖြင့် ပထမဆုရရှိသော ဟိန်းသန့်သူတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်းနာယက ဦးမြင့်မော်က အသက် ၁၈ နှစ်အောက်(အမျိုးသမီး) သက်တမ်းတွင် တတိယဆုရရှိသော နန်းဆိုင်အွမ်ငင်း၊ ဒုတိယဆုရရှိသော ဆုနှင်းဖြူ၊ စုစုပေါင်းရိုက်ချက် ၂၃၅ ချက်ဖြင့် ပထမဆုရရှိသော ချိုသာအောင်တို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူးနှင့် Junior Golf Myanmar (JGM) ဥက္ကဋ္ဌ ဦးအောင်ကိုဇော်က အသက် ၁၈ နှစ်အောက် (အမျိုးသား)သက်တမ်းတွင် ပဉ္စမဆုရရှိသော လင်းပြည့်မောင်၊ စတုတ္ထဆုရရှိသော နိုင်ဦးကို၊ တတိယဆုရရှိသော ပြည့်စုံအောင်၊ ဒုတိယဆုရရှိသော ပြည့်ဖြိုးထွဋ်၊ စုစုပေါင်းရိုက်ချက် ၂၂၂ ချက်ဖြင့် ပထမဆုရရှိသော ဆက်နိုင်အောင်တို့ကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြောင်းသိရသည်။

MGF




## အကြမ်းဖက်မှုပပျောက်ရေးအတွက်ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၄

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမိုးထစ်ချုန်းရွာနိုင်သည်။

(မိုး/ဇလ)

# တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများအတွက် ကျောင်းသားသစ်များခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစ၍ အခြေခံပညာအထက်တန်းဆင့် Grade-10၊ Grade-11 နှင့် Grade-12 အတန်းပညာများကို သင်ကြားလေ့ကျင့်ပေးမည့် အမှတ်(၁)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(ရဲမွန်)၊ အမှတ်(၂)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(နေပြည်တော်)တို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကျောင်းသားသစ်များအဖြစ် လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) Grade-10 သင်တန်းအတွက် Grade-9 အောင်မြင်ပြီး အသက် ၁၇ နှစ်ထက်မကြီးသူ၊ Grade-11 သင်တန်းအတွက် Grade-10 အောင်မြင်ပြီး အသက် ၁၈ နှစ်ထက်မကြီးသူ၊ Grade-12 သင်တန်းအတွက် Grade-11 အောင်မြင်ပြီး အသက် ၁၉ နှစ်ထက်မကြီးသူ ဖြစ်ရမည်။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူအမျိုးသား(လူပျို)ဖြစ်ရမည်။

(ဂ) တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူ၊ သို့မဟုတ် ပြစ်ဒဏ်စီရင်ခြင်းခံရဖူးသူ မဖြစ်စေရ။

(ဃ) စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းအောင်မြင်ရမည်။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၄-၅-၂၀၂၆ ရက်နေ့မှ ၂၀-၅-၂၀၂၆ ရက်နေ့အတွင်း လျှောက်ထားသူကာယကံရှင်ကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များသို့ လျှောက်ထားရမည်-

(က) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ ၃ ပုံ။

(ခ) နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)။

(ဂ) မိဘ/အုပ်ထိန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)။

(ဃ) အိမ်ထောင်စုဝင်လူဦးရေစာရင်း(ပုံစံ-၆၆/၆)(မိတ္တူ)။

(င) ကျောင်းထွက်လက်မှတ်(မိတ္တူ)။

(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ သို့မဟုတ် မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံး၏ ထောက်ခံစာမူရင်း။

(ဆ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်းထောက်ခံချက်။

၃။ ကျောင်းသားသစ်အဖြစ်လျှောက်ထားသူအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းကြီးကြပ်ရေးနှင့် ကျောင်းသားစိစစ်ရေးရွေးချယ်ရေးအဖွဲ့က ပဏာမရွေးချယ်ရန် အကြောင်းကြားလာပါက အပိုဒ်(၂)ပါစာရွက်စာတမ်းများ**မူရင်းနှင့် မိတ္တူ(၃)စောင်စီ** ယူဆောင်၍ ၂၂-၅-၂၀၂၆ ရက်အရောက် မိဘ/အုပ်ထိန်းသူနှင့်အတူ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများအား ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို ကျောင်းသားအဖြစ် အတည်ပြုရွေးချယ်သွားမည်။

၄။ တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသောကျောင်းသားများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးဝါးကုသမှု၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာနှင့် အခြားသင်ထောက်ကူပစ္စည်းများ၊ အခြေခံပစ္စည်းများ အခမဲ့ရရှိမည့်အပြင် ပညာသင်ကြားနေစဉ်ကာလအတွင်း လစာအဖြစ် တစ်လလျှင် Grade-10 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၃၀ ရာခိုင်နှုန်း(၄၃၂၀၀/-ကျပ်)၊ Grade-11 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၄၀ ရာခိုင်နှုန်း(၅၇၆၀၀/-ကျပ်)နှင့် Grade-12 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၅၀ ရာခိုင်နှုန်း(၇၂၀၀၀/-ကျပ်)တို့အား ခံစားခွင့်ရှိသည်။

၅။ ကျောင်းသားများအား အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များကို ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ နှစ်အလိုက်သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ပြီး နိုင်ငံတော်မှကျင်းပပြုလုပ်သည့်တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြရမည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူကျောင်းသားများသည် သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီမှုရှိပါက တပ်မတော်ဆိုင်ရာတက္ကသိုလ်နှင့်သိပ္ပံများသို့ လျှောက်ထားခွင့်ရှိသည်။ တပ်မတော်ဆိုင်ရာတက္ကသိုလ်နှင့်သိပ္ပံများသို့တက်ရောက်ရန် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီမှုမရှိပါက ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေးသင်တန်းနှင့် တပ်မတော်ဆေးဘက်ဆိုင်ရာပညာသင်ကျောင်း၌ဖွင့်လှစ်သည့် တတိယအဆင့်ဆေးလက်ထောက်သင်တန်း(အထူး)သို့ လျှောက်ထားခွင့်ရှိသည်။

၆။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ပညာရေးဌာနစု၊ ဖုန်း-၀၃၆-၃၀၅၃၁/၀၃၆-၃၀၅၆၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။

ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card Bill ပေးခြင်း၊
Internet Bill ပေးဆောင်ခြင်း၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း၊ ပြည်ပ ငွေလွှဲ (ထိုင်း)

အငြိမ်းစားလစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။




ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"




နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၀၁၈၆၄၆

STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄




မြဝတီစက်သုံးဆီဖြန့်ဖြူးရောင်းချရေးလုပ်ငန်း




အရည်အသွေးမှန်၊အရေအတွက်မှန်၊ ကောင်းမွန်သော ဝန်ဆောင်မှုတို့ဖြင့်
ရန်ကုန်၊ကျောက်တံခါး၊ပဲခူးယကုန်း၊ဖြူး၊နေပြည်တော်၊ သာစည်၊ကျောက်ဆည်၊မန္တလေး၊ကျောက်မဲ၊ပြင်ဦးလွင်၊ ပခုက္ကူ၊အောင်လံ၊ပြည်၊ဝါဇီတို့တွင်လွတ်လပ်စွာ ဝယ်ယူနိုင်ပါသည်။
ဖုန်း။၉၅-၀၁-၅၃၆၅၅၇၊၅၃၁၁၂၈၊၅၃၁၁၂၉

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tariq Karim အား လက်ခံတွေ့ဆုံ

## မြန်မာ-ပါကစ္စတန် နှစ်နိုင်ငံအကြား ပညာရေးနှင့်အမျိုးသမီးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည့်ကိစ္စရပ်များဆွေးနွေး

နေပြည်တော် မေ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tariq Karim အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ – ပါကစ္စတန် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရေး၊ ပညာရေးနှင့် အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ ဆေးဘက်ဆိုင်ရာနှီးနှောဖလှယ်ပွဲများ၊ ကုသရေးအတွေ့အကြုံများဖလှယ်ခြင်းနှင့် ဆေးဘက်ဆိုင်ရာသုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးကိစ္စရပ်များနှင့် စာမျက်နှာ ၁၄ ကော်လံ ၁ →



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tariq Karim အား လက်ခံတွေ့ဆုံစဉ်။

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Dinesh Kumar Tripathi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စာ – ၅ သို့

## ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်အဆောက်အအုံများ၊ ပစ္စည်းများနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများအား ဖမ်းဆီးရမိ စာ – ၂၂ သို့



မိုင်းပန်မြို့နယ်အတွင်း တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများဆောင်ရွက်ရာတွင်အသုံးပြုခဲ့သည့် သိမ်းဆည်းရမိ လူနေတဲအဆောက်အအုံများကို တွေ့ရစဉ်။

## အိန္ဒိယရေတပ်မှ စစ်ရေယာဉ်နှစ်စင်းရောက်ရှိ



တပ်မတော်(ရေ) မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် တာဝန်ရှိသူများက ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိလာသည့် အိန္ဒိယရေတပ်မှ စစ်ရေယာဉ်များအား ကြိုဆိုကြစဉ်။

နေပြည်တော် မေ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် အိန္ဒိယရေတပ်မှ စစ်ရေယာဉ် INS Satpura (F-48)နှင့် INS Sunayna(P-57)တို့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိသီလဝါဆိပ်ကမ်း MITT တံတားသို့ရောက်ရှိလာရာ တပ်မတော်(ရေ) မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ➢

